နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန	-	စာအုပ်အမှတ်စဉ် (၁၀/၂၀၂၅)
ထုတ်ဝေသည့်ခုနှစ်	-	၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ
ထုတ်ဝေသည့်အကြိမ်	-	ပထမအကြိမ်
အုပ်ရေ	-	၁၀၀၀ အုပ်
ပုံနှိပ်	-	ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Public Notice for Elimination of Violence

1. **Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ)

မာတိကာ

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

မိန့်ခွန်းများ

၁။ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ၇

၂။ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၀

၃။ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၄

၄။ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၇

၅။ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၀

၆။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၄

၇။ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၈

၈။	ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်တွင် ပြောကြားသည့် အမှာစကား	၃၁
၉။	ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား	၃၄
၁၀။	"(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား	၃၉
၁၁။	တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ တာဝန် ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား	၄၂
၁၂။	မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)နှင့် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား	၄၈
၁၃။	ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား	၅၂
၁၄။	(၂၀၂၅) ခုနှစ်၊ မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား	၅၆
၁၅။	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) ပြောကြားသည့်အမှာစကား	၆၁

သဝဏ်လွှာ

၁။	၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ	၇၅
၂။	(၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ	၇၉
၃။	(၇၃) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ	၈၂
၄။	(၇၇)ကြိမ်မြောက် တိပိဋ္ဌကရေ တိပိဋ္ဌကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋ္ဌကရေ တိပိဋ္ဌကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌဥာဏာလင်္ကာရ ဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ	၈၅

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

(၁ - ၁ - ၂၀၂၅)

ဒီနေ့ကျရောက်တဲ့ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော မိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊စိတ်၏ချမ်းသာခြင်းတို့နှင့်တကွကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ကတည်းက နိုင်ငံတော်ရဲ့ ရှေ့ဆက်လျှောက်လှမ်းရမဲ့လမ်းကြောင်းကို မျှော်မှန်းပြီး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ခိုင်ခိုင်မာမာနဲ့ ကြိုးစားလျှောက်လှမ်းခဲ့ကြလို့ သိသာထင်ရှားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကိုလည်း တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူများကတက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီပေးခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရမဲ့ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမဲ့ ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့နိုင်ငံသားများရဲ့ကောင်းကျိုးကိုမလိုလားသူတွေအနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း မြို့ရွာများလုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးကို အဓိက ပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ကိုယ်နေထိုင်ရာကိုယ့်ရဲ့ဒေသနဲ့ လူမျိုးကို ထိခိုက်ပျက်စီးစေတဲ့ အသိဉာဏ်မဲ့တဲ့သူများရဲ့ လုပ်ရပ်များပဲဖြစ်ပါတယ်။ လူမျိုးရေး၊ တန်းတူ

ညီမျှရေး၊ ဒီမိုကရေစီရေးဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကြောင်းအရာများကို အကြမ်းဖက်လုပ်ရပ်များအပေါ် ခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျ နောက်ကျ လုပ်နေတာပဲဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကို ကျွန်တော်တို့ ကာကွယ်တားဆီးကြဖို့၊ ရပ်တန့်အောင် ကြိုးစားကြဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါတယ်။ ပဋ္ဌမအကြိမ်အမျိုးသားအားကစား ပွဲတော်ကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်း မြင့်မားအောင် အုတ်မြစ်ချနိုင်ခဲ့ပါတယ်။ တိုင်းပြည်ကိုလည်း အတိုင်းအတာ တစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

နိုင်ငံသားများရဲ့ ကောင်းကျိုးကို မလိုလားသူတွေအနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း မြို့ရွာများလုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးကို အဓိက ပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ကိုယ်နေထိုင်ရာ ကိုယ့်ရဲ့ဒေသနဲ့ လူမျိုးကို ထိခိုက်ပျက်စီးစေတဲ့ အသိဉာဏ် မဲ့တဲ့သူများရဲ့ လုပ်ရပ်များပဲဖြစ်ပါတယ်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေး ဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကြောင်းအရာများကို အကြမ်းဖက် လုပ်ရပ်များအပေါ် ခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျ နောက်ကျ လုပ်နေတာပဲဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကို ကျွန်တော်တို့ ကာကွယ်တားဆီးကြဖို့၊ ရပ်တန့်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။

ဒီလိုဆောင်ရွက်နိုင်မှုဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အတွက် နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာ စွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူနိုင်ငံသားများ အားလုံးကို ကျွန်တော်အလေးအနက်ဂုဏ်ပြုပါကြောင်း ပြောလိုပါတယ်။ ဒါတွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် ကျန်ရစ်ခဲ့မှာဖြစ်သလို ကျွန်တော်တို့အားလုံးရဲ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေမှုနဲ့ စည်းလုံးညီညွတ်မှုတို့ကို ဖော်ထုတ်ပြသနိုင်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋ္ဌိပက္ခဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကျိုးအတွက်၊ ပြည်သူတို့ရဲ့အကျိုးအတွက် လက်နက်ကိုင်ပဋ္ဌိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်လိုတဲ့ ရည်ရွယ်ချက်သာ ရှိပါတယ်။ ဒါကို ပြည်သူအားလုံးလိုလားတဲ့ နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်း နည်းများနဲ့သာ ဖြေရှင်းကြရမှာ၊ ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလိုနည်းလမ်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး စီးပွားရေးနဲ့ လူမှုရေး အခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များအနေနဲ့ ခေါင်းစဉ်အမျိုးမျိုးပြပြီး ဒီမိုကရေစီစနစ်ကို လိုလားတယ်လို့ ပြောနေပေမယ့် လက်တွေ့မှာတော့ ကိုယ်ကျိုးအတွက်ကို အခြေခံတဲ့ လိုအင်ဆန္ဒသက်သက်နဲ့ လက်နက်ကိုင်ပဋ္ဌိပက္ခ ကိုသာ ဖန်တီးနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ အချို့သော တိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေးလို့ ပြောနေကြသော်လည်း ဒီမိုကရေစီရဲ့ သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုး မျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ဖို့သင့်တယ်လို့ ပြောလိုပါတယ်။ ဒီလိုဘုံရည်မှန်းချက်နဲ့ လျှောက်လှမ်းကြတဲ့လမ်းကြောင်းမတူညီ

တဲ့အတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာလည်း ဖြစ်ပါတယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော်တို့ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များကို ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်အောင် တွန်းအားပေးကြဖို့ လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်။

ဒီကမ္ဘာလောကကြီးမှာ တိုင်းပြည်နိုင်ငံတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ဖို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနဲ့ မိမိတို့ရဲ့ လုပ်ကိုင်နိုင်စွမ်းတွေကို မြှင့်တင်နေကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝရပ်တည်ရေးကို ကိုယ်စွမ်းကိုယ်စနဲ့ မထိန်းသိမ်းနိုင်ရင် နိုင်ငံရဲ့ အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်စေနိုင်တာကိုလည်း သတိချပ်စေလိုပါတယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေဖို့၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေဖို့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံးက သွေးစည်းညီညွတ်ကြရပါမယ်။ နိုင်ငံတော်ကို ဘေးအန္တရာယ် ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိက တာဝန်ရှိတဲ့ တပ်မတော်နဲ့ ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့ နိုင်ငံတော် အခွန်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးကြရပါမယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူများက ၂၀၂၄ ခုနှစ်မှာ ပြသနိုင်ခဲ့ကြတဲ့ တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များကို အခြေခံပြီး စည်းလုံးညီညွတ်စွာနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့ အောင်ပွဲအဖြစ် နိုင်ငံသားအားလုံး လိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသား မိဘပြည်သူညီအစ်ကို မောင်နှမများ အားလုံး တစ်ဦးပေါ်တစ်ဦး အပြန်အလှန်မေတ္တာထားပြီး နိုင်ငံနဲ့ လူမျိုးကောင်းကျိုးကို ဖော်ဆောင်နိုင်ကြသူများ ဖြစ်ပါစေကြောင်း နှစ်သစ်ကူးဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျာ။

■ ■ ■

သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၁-၁-၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ရှိ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းသို့ရောက်ရှိကြရာ ဒလသင်္ဘောကျင်းမှ မိသားစုဝင်ကလေးငယ်လေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အခမ်းအနားအား ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင် မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့်တန်-၁၅၀၀ တွဲရေယာဉ်အသစ်တို့အား ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အမွေးနံ့သာရည် ပက်ဖျန်းပေး

ထို့နောက် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင် ရေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအား ရေးမူမပျက် အကြီးစား ပြန်လည်မွမ်းမံပြီးစီးမှု ကမ္ဘည်းမော်ကွန်း ကျောက်စာနှင့် သမိုင်းဝင်အဆောက်အအုံ ဆိုင်းဘုတ်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ဘည်းမော်ကွန်း ကျောက်စာအား အမွေးနံ့သာရည်များ ပက်ဖျန်းပေးပါသည်။

ဆက်လက်၍ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်

(၁၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရှေးဟောင်း ဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သမိုင်းဝင်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၊ အဆိုပါ ပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး (Public Transport)လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှု မှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်းဖြစ်၊ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက် ဧရာဝတီ မြစ်ဝှမ်းအထိ ကူးသန်းသွားလာမှုများစွာ အထောက်အကူပြုနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေး ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်၊ ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့် စျေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်။

ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်မှတ်တမ်း Video Clip ကိုကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒလသင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခုဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ သမိုင်းအထောက်အထားများအရ "ခေတ်မီသင်္ဘောကျင်းအစ ဒလက" ဟု ခေါ်ဆိုမှတ်တမ်းတင် မော်ကွန်းပြုရမည့် သင်္ဘောကျင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို အခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း၊ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ကို စတင်ထည့်သွင်းခဲ့သည်ကို တွေ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲတည်ရှိရှင်သန်ခဲ့သည့် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခု ဖြစ်လာခဲ့ကြောင်း။

ဧရာဝတီဖလော်တီလာကုမ္ပဏီမှ မြစ်ဖျားခံပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဒလသင်္ဘောကျင်းသည် ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဂျပန်ခေတ်စသည်များကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ထက်တိုင် အစိုးရအဆက်ဆက် နိုင်ငံတော်၏ စီမံကိန်းများစွာတွင် ပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်သည့် ရေယာဉ်များ တည်ဆောက်ပေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများနှင့်အတူ အထောက်အကူပြုခဲ့သည်ကို တွေ့ရကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရှေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အအုံ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊

လွန်းကျင်း၊ လွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ၁၈၈၀ ပြည့်နှစ် မတိုင်မီကတည်းက တည်ဆောက်ခဲ့သည့် ရေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံ အဆောက်အအုံကြီးသည်လည်း တည်ရှိဆဲဖြစ်ပြီး ၁၉၂၀ ပြည့်နှစ် မတိုင်မီက တည်ဆောက်ခဲ့သည့် အလုပ်ရုံများ၊ အဆောက်အအုံများ များစွာကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင်အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြု ဂုဏ်ယူမိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အဆိုပါ ပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး(Public Transport)လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှုမှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးတွင် လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ ချောင်းကူး၊ မြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ခဲ့သဖြင့် လက်ရှိကာလ ခရီးသည်ပို့ဆောင်ရေးအတွက် ရေယာဉ်လိုအပ်ချက် နည်းပါးလိမ့်မည်ဟု ယူဆစရာရှိကြောင်း၊ သို့သော် ကုန်စည်ပို့ဆောင်မှုအပိုင်းတွင် ရေလမ်းမှပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစုတစည်းတည်း ပို့ဆောင်နိုင်ပြီး ကုန်ကျစရိတ် ပိုမိုသက်သာနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက် ဧရာဝတီမြစ်ဝှမ်းအထိ ကူးသန်းသွားလာမှုများစွာ အထောက်အကူပြုနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေး ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပင်လယ်လမ်းကြောင်းတစ်လျှောက် ကူးသန်းသွားလာမှုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့် စျေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းကဏ္ဍမှ အထောက်အကူပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေး၊ မြစ်တွင်းကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည်ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ရေကြောင်းကုန်စည် ပို့ဆောင်မှုစနစ်များ ပိုမိုထိုးဖောက်တိုးမြှင့်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ရေရှည်မျှော်မှန်းပြီး ဒလသဘော်ကျင်းကဲ့သို့ သဘော်ကျင်းများမှ လိုအပ်သည့် ရေယာဉ်များကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်သဘော်ကျင်းများအနေဖြင့် ရေရှည်ကိုမျှော်မှန်းပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

သဘော်ခုတ်မောင်းသွားလာရန် အင်ဂျင်များသည် ကျောက်မီးသွေးသုံးဘွိုင်လာမှ ဒီဇယ်အင်ဂျင်အထိ နည်းပညာပိုင်းအရပါ ပြောင်းလဲလာကြောင်း၊ အလားတူ ယနေ့ကာလတွင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်များ၌ လျှပ်စစ်၊ ဘက်ထရီ စသည်ဖြင့် စွမ်းအားများ အသုံးပြုနေပြီဖြစ်သည့်အတွက် သဘော်များတွင်လည်း ဘက်ထရီစွမ်းအင်စနစ်ဖြင့် အသုံးပြုနိုင်ရေး သုတေသနပြုဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

ရုပ်ဝတ္ထုပိုင်းအနေဖြင့်လည်း သဘော်ကျင်းများတွင် ရှိသည့် ရေယာဉ်တည်ဆောက်မှုဆိုင်ရာ လွန်းကျင်း၊ လွန်းလမ်းများ၊ စက်ကိရိယာပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်ရုံများ၊ ဝန်ချီစက်နှင့်ယာဉ်ယန္တရားများ၊ သဘော်ကျင်းလမ်းများ၊ လွန်းတင်မှုစနစ်များ၊ ရေယာဉ်ဒီဇိုင်းပြုစုမှုဆိုင်ရာ အထောက်အကူပစ္စည်းများနှင့်တကွ လိုအပ်ချက်များကို နိုင်ငံတကာစံသတ်မှတ်ချက်များနဲ့အညီ ဖြည့်ဆည်းပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမိုင်းဝင်သင်္ဘောကျင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ကြပြီး နိုင်ငံပိုင် သင်္ဘောကျင်းများ အချင်းချင်း ရေယာဉ်တည်ဆောက်မှုဆိုင်ရာ နည်းပညာ ဖလှယ်မှု၊ နည်းပညာဖြန့်ဝေမှုများပြုလုပ်ကြပြီး ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေနှင့် မြစ်တွင်းသယ်ယူ ပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေယာဉ်များနှင့် ကမ်းရိုးတန်းကုန်စည်ပို့ဆောင်ရေး၊ ကမ်းရိုးတန်းခရီးစဉ်နှင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ရန်ပုံငွေချထားပေးနိုင်မှု၊ ဈေးကွက်ရှိမှုအခြေအနေ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေတို့ကို သုံးသပ်ပြီး ဒလသင်္ဘောကျင်း၏ စွမ်းအားကိုရယူ၍ ကမ်းရိုးတန်း ရေကြောင်းမှ ကုန်စည်ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ယနေ့ကျင်းပပြုလုပ်သည့် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အခမ်းအနား ပြုလုပ်နိုင်သကဲ့သို့ ဒလသင်္ဘောကျင်းကဲ့သို့ သမိုင်းဝင်ဌာနဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများကို အစဉ်တည်တံ့နေစေရေးအတွက် စောင့်ရှောက်ခြင်း၊ ပြင်ဆင်ခြင်းများနှင့် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၄ - ၁ - ၂၀၂၅)

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဧနဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘာဝဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဧနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းနှင့်ဧနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဧနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဧနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဧနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဧနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြင်နန်းနှင့် ပြည်ထောင်စုကြီး၏ အရိပ်အာဝါသအောက်၌ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြကြောင်း၊ သမိုင်းတစ်လျှောက်ကုန်းဘောင်ခေတ်အထိ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာနှင့် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြကြောင်း။

သို့သော် ကိုလိုနီစနစ်ဆိုးကြောင့် သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်

သုံးကြိမ်ဆင်နွှဲမှုနှင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရပြီး လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရကြောင်း။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားမြတ်နိုးကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ အားလုံးက မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ရဲစွမ်းသတ္တိ၊ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် တပ်မတော်နှင့်အတူ လက်တွဲပြီး နယ်ချဲ့ကိုလိုနီများကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင် တွန်းလှန်ခဲ့ကြကြောင်း၊ စုစည်းညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ ခုနှစ်၊ ဧရန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးနှင့် ပြည်တွင်းပြည်ပ ပယောဂများကြောင့် ပဋ္ဌိပက္ခများနှင့်အတူ မိမိတို့နိုင်ငံသည် ယနေ့ကာလအထိ တည်ငြိမ်အေးချမ်းမှု အားနည်းနေဆဲ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့၏ ဘိုးဘေးအစဉ်အဆက် အသက်သွေးချွေးရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေး အမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံသာ မကပဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုရှေးရှုပြီး "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဆိုသည့် အချက်အပါအဝင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ထားကြောင်း၊ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး"** အပါအဝင် ဦးတည်ချက်(၉)ရပ်ကိုလည်း နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်ကစပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံရေးဆိုသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ချီးမြှင့်အပ်နှင်း

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး၏ အင်အားသည် အဓိကကျပြီး အားလုံးပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် အတူ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို နိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ်အခါသမယများတွင် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းရေး

ဆိုင်ရာ လုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်တွေနှင့်အညီ အဆင့်ဆင့်ထောက်ခံတင်ပြချက်များအပေါ်တွင် စနစ်တကျ စိစစ်ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြုချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနဲ့ မိသားစုဝင်များအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိသည်ကိုပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့များတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ ၂ ဦး၊ သူရဘွဲ့ ၉ ဦး၊ သီရိပျံချီဘွဲ့ ၅ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ၃ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၉၆ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ၅ ဦး၊ သိပ္ပကျော်စွာဘွဲ့ ၂ ဦး၊ စုစုပေါင်း ၁၂၂ ဦးကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခါသမယများတွင် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျင့်သုံးခဲ့ကြသည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် အပြင် နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူများကို နိုင်ငံတော်က ကျေးဇူးတုံ့ပြန်ခြင်းဖြစ်သဖြင့် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံညီညွတ်ကြောင်းလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ် စသည့် လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာအားဖြင့် တိုင်းပြည်သာယာဝပြောရေးလုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး စသည့်အချက်များစွာပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ဦးတည်ချက်လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ် ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များစွာရှိနေကြောင်း။

ထို့ကြောင့်အဆိုပါလုပ်ငန်းစဉ်အားလုံး အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးရခြင်းကို ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း ဂုဏ်ပြုသင့်သူများကို မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၄ - ၁ - ၂၀၂၅)

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် မွေးရာပါ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သမိုင်းပေးတာဝန်များကို ထမ်းဆောင်ရာတွင် “ရဲသော်မသေ သေသော် ငရဲမလား” ဟူသည့်

စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏ အသက်ခန္ဓာကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို လွတ်လပ်ရေးနေ့ အခါသမယ ရောက်တိုင်း နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာ ဂုဏ်ပြု ချီးမြှင့်ပေးလျက်ရှိကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲ ပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေး အတွက် နယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲ ဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲ စိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရ ကြောင်း၊ နိုင်ငံရေးအရ၊ စစ်ရေးအရ ဖန်တီးလာသည့် ပြည်တွင်းပြည်ပ အန္တရာယ်များကြားတွင် မိမိတို့တပ်မတော် သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ် စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသမျှ တာဝန်များကို မည်ညီးမည်ကျ ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်း သောင်းကျန်းမှုများ၊ ဝါဒစွဲဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ် လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော် အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး သယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း။

> **နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင် ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်၊ သို့မှသာ အခြေခံ အဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်၊ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်၊ ကမ္ဘာ့မည်သည့် လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်းမရှိသောကြောင့် မိမိတို့ နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်။**

ဂုဏ်ယူဖွယ်တွေ့မြင်ကြရ

တိုင်းပြည်ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် ရှေ့တန်းကျကျ တိုက်ပွဲဝင်နေကြရသည့် တပ်မတော်သား များကဲ့သို့ပင် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် ရဲမေများနှင့် မိသားစုဝင်များသည်လည်း နိုင်ငံတော် ကာကွယ်ရေးအတွက် အရေးကြီးသည့် အရန်အင်အား များပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပါရမီဖြည့် ဖက်ပီပီ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ် တွေ့မြင်ကြ ရကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင် ပဋိပက္ခများ ကင်းဝေး ရန်ပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့် ခေါင်းစဉ် များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံး နစ်နာမှုများ မဖြစ်ပေါ်စေရေး လိုအပ်သည့်ကာကွယ် စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့မည်သည့် လူ့အဖွဲ့အစည်း ကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံ ထားခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲ မှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခမ်းအနားတွင်သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူ ၃၄ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်စွမ်းရည် သတ္တိဆိုင်ရာ တံဆိပ်နှင့် လက်မှတ်ရသူများကိုလည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ

တိုင်းစစ်ဌာနချုပ်အသီးသီးတွင်တစ်ချိန်တည်းတစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ အများတကာ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို ရင်ဆိုင်ကြုံတွေ့လာချိန်တွင် စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် စွမ်းဆောင်ခဲ့သူများပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် မည်သည့်အခက်အခဲကိုမျှ အမှုမထားဘဲ အသက်ခန္ဓာကို စွန့်လွှတ်နိုင်သည်အထိကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရဿတ္တိများဖြင့် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်သားကောင်းတစ်ယောက်တွင် ရှိအပ်သည့် ခိုင်မာသည့် သန္ဋိဌာန်စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုများအတွက်အထူးပင်ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိနှင့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ၊ လက်မှတ်များ အပ်နှင်းခြင်းခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အခြားနိုင်ငံတာဝန်များကို ထမ်းဆောင်ရာတွင် အမိနိုင်ငံတော်နှင့် ပြည်သူတို့အတွက် လေးနက်မွန်မြတ်သည့် ခံယူချက်ဖြင့် ကျရာတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ် တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများဖြစ်၍လည်း ပြည်သူ့သားကောင်းအာဇာနည်များအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲ ယုံကြည်ချက်ခံယူချက်ကောင်းများဖြင့် လွတ်လပ်ရေး အမွေကို နောင်မျိုးဆက်သစ်များဆီ လက်ဆင့်ကမ်းပေးနိုင်သည့် နိုင်ငံ့သားကောင်းဇာနည်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၉-၁-၂၀၂၅)

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပစာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ညီလာခံ အခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက “မင်္ဂလာပါ” သီချင်းဖြင့် နှုတ်ခွန်းဆက်ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာဆီမီးတိုင်ကို စက်ခလုတ်နှိပ်၍ ထွန်းညှိပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်ခုကို အဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ အတတ်ပညာ ပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှု မြင့်မားသည့် နိုင်ငံသားများ ပေါများရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ "ပညာ"သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်"ကိုရရှိစေကြောင်း၊ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုး သယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

ပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အသိပညာ အတတ်ပညာ မြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော် အားပေးဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချ သုတေသန ညီလာခံကလည်း များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံဦးတည်ချက်ကို "ပညာရေး၊ သိပ္ပံနှင့် နည်းပညာ စွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ညွှန်ပြခြင်း Navigating the Future: Education, Science and Technology for Brighter and More Prosperous Societies." ဟု သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဟူသည့် ကဏ္ဍသုံးရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစည်းလိုက်သည့်အခါ လူ့ဘောင်အဖွဲ့အစည်းကြီးပွားတိုးတက်ရေးကို ဖန်တီးပေးနိုင်မည့် ထိရောက်အားကောင်းသည့် စွမ်းအားတစ်ရပ်ကို ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း။

သုတေသနဟူသည့်ဝေါဟာရသည် "သုတ"နှင့် "ဇေသန" တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊ "သုတ"ဟူသည်မှာ အကြားအမြင်ဖြစ်ပြီး "ဇေသန"သည် ရှာဖီးခြင်းဖြစ်သည့်အတွက် "သုတေသန"ကို မြန်မာအဘိဓာန်တွင် "တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း"ဟု ဖွင့်ဆိုထားကြောင်း၊ သုတေသနက ဗဟုသုတအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များကို ဖော်ထုတ်ပေးနိုင်ကြောင်း၊ လက်ရှိအယူအဆများကို သက်သေစိုက်ထူခိုင်မာစေနိုင်ကြောင်း၊ လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်ပြီး ပညာရပ်ဆိုင်ရာ အသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာစေနိုင်ကြောင်း၊ ထို့ကြောင့် သုတေသနဟူသည်မှာ ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့ကို တွန်းအားပေးနိုင်စွမ်းရှိသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည်

သုတေသနလုပ်ငန်းများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များဖော်ထုတ်ပြီး စျေးကွက်သစ်များ ချဲ့ထွင်နိုင်မည်ဖြစ်သကဲ့သို့နည်းပညာ၊ သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးအတွက် ကျွမ်းကျင်မှု အရည်အသွေးများနှင့် ပြည့်စုံသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတကာသုတေသန ညီလာခံကြီးမှ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှု တံခါးသစ်ကို ဖွင့်လှစ်ပေးသွားလိမ့်မည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက်ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ခရိုင်အသီးသီးတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာများကို သင်ကြားပေးနေသည့် အခြေခံ

ပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင်မြင်သူများ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာအောင်မြင်ပါက သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကုန်ထုတ်လုပ်မှု မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး အားပေးရမည်ဖြစ်ကြောင်း၊ သုတေသနတွေ့ရှိချက်များ မှတစ်ဆင့် ထုတ်ကုန်အသစ် ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်မှုလုပ်ငန်းများသို့အရောက် နည်းပညာလွှဲပြောင်းပေးခြင်းနှင့် သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့် အဖွဲ့အစည်းများထံ အသိပညာ ဗဟုသုတမျှဝေပေးခြင်း ပြုလုပ်နိုင်ပါက နိုင်ငံ့စီးပွားကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်

ယနေ့ကျင်းပသည့် နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသန ညီလာခံ (၂၀၂၅)တွင် ပြည်တွင်းပြည်ပမှ ပညာရပ်ဆိုင်ရာ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်ကြီးများက Keynote Speech များနှင့် ပညာဗဟုသုတမျှဝေပေးကြပြီး ဆရာအတတ်ပညာကဏ္ဍ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာကဏ္ဍ၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံကဏ္ဍ၊ MSME နှင့် TVET ကဏ္ဍ၊ Natural Language Processing–NLP နှင့် AI Technology ကဏ္ဍစသည့် ကဏ္ဍကြီး(၅)ရပ်တွင် စာတမ်းပေါင်း (၁၀၀)ကျော် ဖတ်ကြားတင်သွင်းဆွေးနွေးသွားကြမည်ဟု သိရှိရကြောင်း၊ ထို့အပြင် သုတေသနပိုစတာ ပြပွဲများနှင့် အားဖြည့်ထားသည့်အတွက် နိုင်ငံတကာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းအတွက် အားရဂုဏ်ယူကြောင်းကို ပြောကြားလိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် ဆက်စပ်နေသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်ဖြစ်ကြောင်း။

ယခု သုတေသနညီလာခံကြီးတွင် ရွေးချယ်ခံရသဖြင့် တင်သွင်းသည့်သုတေသနစာတမ်းများသည် ပညာရှင်အဆင့် စာတမ်းများဖြစ်သည်နှင့်အညီ ကမ္ဘာကအားကိုးအားထားပြုရသည့် နိုင်ငံတကာ အသိအမှတ်ပြုစာတမ်းများဖြစ်ကြောင်း သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ကောင်းတစ်ခုဖြစ်

ယခုညီလာခံကြီးကို တက်ရောက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ရောက်ရှိလာကြသည့် နိုင်ငံတကာသုတေသန

> **နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလို၊ အထူးသဖြင့် အရာရာကို လေ့လာစူးစမ်းပြီး ရလဒ်အပေါ်အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လိုကြသည့် လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများ ကျင်းပပေးခြင်းဖြင့် လူငယ်များ၏ စူးစမ်းလေ့လာသုတေသနပြုလိုသည့် သုတေသနယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလို။**

ပညာရှင်ကြီးများနှင့် အွန်လိုင်းက တက်ရောက်ဆွေးနွေးကြသည့် ပညာရှင်ကြီးများကို နွေးထွေးစွာဂုဏ်ပြုကြိုဆိုပါကြောင်း၊ ပညာရှင်ကြီးများ၏ ပါဝင်မှုသည် ညီလာခံကြီး၏ ကြီးကျယ်ခမ်းနားမှုကို ထပ်လောင်း အားကောင်းစေမည်ဟု ယုံကြည်ပါကြောင်း၊ ပညာရှင်ကြီးများ၏ ကျွမ်းကျင်မှု ပညာနှင့် သုတေသနစာတမ်းများ ဖတ်ကြားမှု၊ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးမှုနှင့် သုတေသန ညီလာခံမှတ်တမ်းစာအုပ်များ တည်းဖြတ်ပေးမှုတို့သည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ကောင်းတစ်ခုဖြစ်သည့် အတွက် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံတကာသုတေသန ညီလာခံကြီးကို အစစအရာရာ အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးဆောင်ရွက်ခဲ့ကြသည့် ညီလာခံကျင်းပရေးကော်မတီ၏ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်မှုများကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း။

ယခုကဲ့သို့ညီလာခံကြီးများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ၊ အကြံကောင်းဉာဏ်ကောင်းများ မျှဝေပေးကြရန်၊ ဘာသာရပ်တူသူများ၊ စိတ်ဝင်စားရာ ပညာရပ်နယ်ပယ်တူသူများ၊ ရည်မှန်းချက်တူသူများ အချင်းချင်း သုတေသနပရောဂျက်များ ပူးပေါင်းဆောင်ရွက်ပြီး ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ပေးကြရန်၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားနည်းစနစ်များ မျှဝေပေးခြင်း၊ အွန်လိုင်းသင်တန်းများ ပို့ချခြင်းတို့နှင့် သင်ကြားရေးဆိုင်ရာ ရင်းမြစ်များ တိုးတက်ရေးအတွက် ဖန်တီးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အထူးသဖြင့် အရာရာကို လေ့လာစူးစမ်းပြီး ရလဒ်အပေါ်အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လိုကြသည့် လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများ ကျင်းပပေးခြင်းဖြင့် လူငယ်များ၏ စူးစမ်းလေ့လာသုတေသနပြုလိုသည့် သုတေသနယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ပညာရေး၊ သိပ္ပံနှင့် နည်းပညာများ၏ စွမ်းပကားများနှင့် နောင်လာနောက်သား မျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့်အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

(၁၀ - ၁ - ၂၀၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်၏ နိုင်ငံ့အရေး ထမ်းဆောင်မှု

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေ အနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို တစိုက်မတ်မတ် ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်၏

သမိုင်းကြောင်းစဉ်ဆက်အရ ရှေးယခင်ကတည်းကပင် အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြပြီး ပြည်နယ်များ၊ ဒေသများ စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စု နိုင်ငံတော်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံတာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်းကာ နိုင်ငံအတွင်းလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည့် အခြေအနေများနှင့် တပ်မတော်အနေဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ အနေဖြင့် နိုင်ငံတော်၏ အဓိကကာကွယ်ရေးအင်အားစု ဖြစ်သည့် တပ်မတော်နှင့်ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်သားဘဝကို ခံယူခဲ့ပြီး နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေမှုအပေါ်တွင် အသိအမှတ်ပြု ဂုဏ်ယူသည့် အခြေအနေများ၊ လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဦးစွာအကျယ်တဝင့် ရှင်းလင်းပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း အပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်ပိုင်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရ ဖြစ်ပေါ်လာသည့် ပြည်တွင်းပြည်ပ အန္တရာယ်များကြား၌ မိမိတို့ တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲကိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း၊ ယခုမိမိတို့တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည်လည်း သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိပြည်တွင်း၊ ပြည်ပအန္တရာယ်များ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နေ့စဉ်လှုပ်ရှားသွားလာမှုများ ဆောင်ရွက်ရာ၌ စစ်သည်တစ်ဦးချင်းစီ

အလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေး သတိရှိရန်လိုကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မျှော်တွေး ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ အသက်ခန္ဓာ ဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်းတံတားများ၊ စက်ရုံအလုပ်ရုံများ၊ အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံး ထိခိုက်နစ်နာခဲ့ရကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုရေး၊ စီးပွားရေးအရ ထိခိုက်နစ်နာခဲ့ရခြင်းများရှိခဲ့ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ အပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သော စိတ်ဓာတ်တို့ဖြင့် ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ တပ်နယ်များအလိုက် မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသအတွင်း အကြမ်းဖက်မှုများ မရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်နေမှုများ မရှိစေရေး နယ်မြေလုံခြုံရေးတာဝန်များကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများ အနေဖြင့်လည်း တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့် ပြည်သူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင်အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူက လေးစားအားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

> **တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်၊ ယခု မိမိတို့ တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည်လည်း သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်၊ လက်ရှိ ပြည်တွင်း၊ ပြည်ပအန္တရာယ်များ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြု၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လို။**

ဒီတာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့် အင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်ပါက စစ်သားစိတ်မွေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သင်ကြားခဲ့ရသည့် စစ်ပညာများ၊ တွေ့ကြုံခဲ့ရသည့် လူမှုဆက်ဆံရေး အသိပညာ၊ အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့်

မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာ နည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ စစ်မှုရေးရာ ကိစ္စရပ်များသာမက အခြားသောလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ထိုကဲ့သို့ ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး

ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာ အတတ်ပညာကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည် မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသတွင် ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့ တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှု အဆင့်အတန်းများကို အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းပေးထားပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များ အပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစီးခေါင်းဆောင်များ အနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံ ရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

(၁၀ - ၁ - ၂၀၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား မိတ္ထီလာမြို့၊ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ

တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ မိတ္ထီလာခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များပေါ်တွင်အခြေခံ၍ ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များ ၂၀၂၄ ခုနှစ်အတွင်း မိတ္ထီလာဒေသသို့ ရောက်ရှိစဉ် အကြံပြု တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပေးထားခြင်းသည် အမှန်တကယ် ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများ ထွက်ရှိမှု ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း၌ စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းကျော်ကိုသာ စိုက်ပျိုးရေ ပေးဝေနိုင်သည်ဟုသိရကြောင်း၊ အခက်အခဲများရှိမည်ဖြစ်သော်လည်း နည်းလမ်းရှာ၍ လုပ်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန် ထည့်သွင်းရန်၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်း ဖြစ်သည်ဟုသိရှိရပြီး လိုအပ်သည့် သွင်းအားစုများကို ပြည့်မီအောင်ထည့်သွင်းခြင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာများ ထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မြေဆီမြေလွှာ ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသရှိ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာသည် မိုးရွာရက်နည်းသည့် ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့်စီမံကိန်းများရှိသကဲ့သို့လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်း လိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုများ၊ အချို့စက်ရုံများအနေဖြင့် စွမ်းအားပြည့် လည်ပတ်နိုင်မှု မရှိခြင်းများ၊ ဓာတ်ငွေ့လိုအပ်ချက်မပြည့်မီမှုများကြောင့် အခက်အခဲများရှိကြောင်း၊ ထို့ပြင်နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကန့်ကွက်မှုများလည်းရှိကြောင်း၊ ထို့ကြောင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်၍ရသည့် ဆိုလာစနစ်ကို မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့လုပ်ငန်းရှင်များအနေဖြင့်လည်း တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာစပ်စက်ရုံကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတွင်း အသားထုတ်လုပ်မှုများကို ယခုထက်တိုးတက်အောင်မြင်အောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း အသားထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အသားစို၊ အသားခြောက်၊ အေးခဲအသားနှင့် သားရေတို့ကို နိုင်ငံအနှံ့အပြားသို့ လျင်မြန်စွာ ပို့ဆောင်ရောင်းချနိုင်မည့် နိုင်ငံ၏ ဗဟိုချက်နေရာတွင်

တည်ရှိသဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် သားရေထည်လုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သားရေဖြင့်ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများသည် စျေးကွက်ဝင်ပစ္စည်းများ ဖြစ်သဖြင့် မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် အခြားဆက်စပ်လုပ်ငန်းများကိုလည်း အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း စိုက်ပျိုးရေးသီးနှံတစ်ခုဖြစ်သည့်ကြက်သွန်နီသည် မဖြစ်မနေ နေ့စဉ်အသုံးပြုနေရသည့် မီးဖိုချောင်သုံးသီးနှံတစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးသည်ကို တွေ့ရှိရပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပစျေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်သကဲ့သို့ ကြက်သွန်ကို အခြေခံသည့် တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ငရုတ်စိုက်ပျိုးမှုသည်လည်း ထိုနည်းတူစွာပင်ဖြစ်ကြောင်း၊ ကြက်သွန်နှင့် ငရုတ်တို့သည် ပြည်တွင်း၊ ပြည်ပ စျေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်သဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအလိုက် ရောင်းချခြင်းအပြင် ငရုတ်၊ ကြက်သွန်ကို အခြေခံသည့် တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်ခြင်းဖြင့်လည်း ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် တမာနှင့်ပတ်သက်သည့် စက်မှုထုတ်ကုန်ပစ္စည်းများကိုလည်း ဆောင်ရွက်သင့်ကြောင်း၊ တမာပင်မှတစ်ဆင့် တမာပိုးသတ်ဆေးနှင့် တမာမြေသြဇာများကို ထုတ်လုပ်နိုင်သည့်အပြင် အရိပ်ရလေကာပင်များ ဖြစ်သဖြင့် အကျိုးဖြစ်ထွန်းစေကြောင်း။

မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် မိတ္ထီလာခရိုင်အတွင်း ဒေသတွင်းစိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသည့် ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့် ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းသာယာမှုတို့ ရှိမည်ဆိုပါက ဒေသတွင်းသို့ လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွား အများအပြား လာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း Green Zone Area များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

(၁၁ - ၁ - ၂၀၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လိုအပ်သည်များကို အကြံပြုတိုက်တွန်းဆွေးနွေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် ထုတ်ကုန်များသည် အရည်အသွေးပိုင်းကောင်းမွန်သည် ဖြစ်သော်လည်း အချို့သောထုတ်ကုန်များသည် ထုပ်ပိုးမှုအပိုင်း၌ အဆင့်မီမီဖြစ်ရန်လိုအပ်နေဆဲဖြစ်ကြောင်း။ MSME လုပ်ငန်းများနှင့် ပတ်သက်၍ အဓိကအားဖြင့် မူဝါဒများချမှတ်ထားပြီး ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ လိုအပ်ချက်မှာ အဓိကအရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ဒေသတွင်း ကုန်ကြမ်းများ လုံလောက်စွာထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသအနေဖြင့် ဒေသမှထွက်ရှိသည့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဂျုံထွက်ပစ္စည်းများ၊ အသီးအနှံများမှ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်

လျက်ရှိကြောင်း၊ စျေးကွက်လေ့လာဆန်းစစ်ချက်အရ လူအများကြိုက်နှစ်သက်သည့် ပစ္စည်းများကို အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ နည်းပညာ၊ သွင်းအားစုနှင့် ရင်းနှီးစိုက်ထုတ်ငွေများလိုအပ်ပြီး ကုန်ကြမ်းများ လုံလုံလောက်လောက် ရရှိနေရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှုရှိရန်လိုပြီး မိမိတို့နိုင်ငံ၏ MSME ကုန်ထုတ်လုပ်ငန်းတွင် ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်ကြောင်း၊ အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်း ထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအဓိကအားဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ကုန်ကြမ်းများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်လျှပ်စစ်မီးလိုအပ်ချက်များနှင့်ပတ်သက်၍လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှလည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများအနေဖြင့် စွမ်းအားပြည့် ထုတ်လုပ်နိုင်မှုမရှိခြင်း၊ အကြွမ်းဖက်သမားများက လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် တာဝါတိုင်များအား ဖျက်ဆီးခြင်း၊ ဓာတ်ငွေ့များ လုံလောက်စွာရရှိမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးရန်အတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်မှရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာလည်း ကန့်ကွက်မှုများနှင့်အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုရပ်တန့်သွားရခြင်းများလည်းရှိကြောင်း၊ ၂၀၀၅ ခုနှစ်ကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းစီမံကိန်းများ အောင်မြင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနေမည်ဖြစ်ကြောင်း၊ သို့သော် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း စီမံကိန်းများအား နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးခဲ့မှုများကြောင့် စီမံကိန်းများ ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် လျှပ်စစ်နှင့်ပတ်သက်၍ အခက်အခဲများရှိသဖြင့် အချိန်တိုအတွင်းအောင်မြင်ပြီးမြောက်နိုင်သည့်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းများ အောင်မြင်ပြီးစီးပါက လျှပ်စစ်မီးများ လုံလောက်စွာရရှိလာနိုင်မည်ဖြစ်ကြောင်း။

သွင်းအားစုတွင် ပါဝင်သည့် စက်သုံးဆီများကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ များစွာသုံးစွဲနေရကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အဝတ်အထည်များကို အသုံးပြုပြီး ပြည်တွင်းဖြစ်ကို အားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဖြစ်ကို အားပေး၍ နိုင်ငံ့စီးပွားရေးကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမြေ အကျိုးရှိရှိအသုံးချနိုင်ရန်လို

စိုက်ပျိုးမြေများအပေါ်တွင် စိုက်ပျိုးရေးနှင့် မသက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်လိုပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အချို့ စိုက်ပျိုးမြေ ရယူထားသူများအနေဖြင့် စိုက်ပျိုးမြေများပေါ်တွင် သတ်မှတ်ချက်ထက်ကျော်လွန်သည့် အိမ်ရာများ ဆောက်လုပ်ခြင်းနှင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ခြံကွက်များပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများအား အခြားနည်းများဖြင့် အသုံးပြုရာတွင် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဆင့်ဆင့် တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်လိုကြောင်း၊ မြေအသုံးချမှုများ စည်းကမ်းတကျဖြစ်စေရေး တာဝန်ရှိသူ

များအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေး သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် စိုက်ပျိုးရေး အခြေခံနည်းလမ်းလေးသွယ်ကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် အအေးပိုင်းဒေသဖြစ်သဖြင့် ဂျုံသီးနှံများ စိုက်ပျိုးမည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့် နို့ထွက်ပစ္စည်းများသည် အဆင့်အတန်းတစ်ခုတွင်ရှိသည်ကို တွေ့ရှိရသဖြင့် လက်ရှိထုတ်လုပ်နေသည့် ထုတ်ကုန်များအပြင် အခြားနို့ထွက်ပစ္စည်း စားသောက်ကုန်အမယ်သစ်များကို ဆက်လက်ထုတ်လုပ်သွားမည်ဆိုပါက ယခုထက်ပိုမိုအောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းတွင်ပါဝင်သည့် ဝိုင်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း အဆင့်မြင့်ဝိုင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက စျေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့် ကော်ဖီသည်လည်း အရည်အသွေးကောင်းမွန်ပြီး စျေးကွက်တစ်ခု ရရှိထားပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ရှိပြီးဖြစ်သည့် အခြေခံစိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြု၍ စားသောက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်သွားရန်လိုကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့တွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း အခြေခံကောင်းများ ရှိပြီးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်ပြီး အေးခဲအသားထုတ်လုပ်မှုများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ဂုဏ်သတင်းကျော်ကြားသည့် အပန်းဖြေမြို့တော်တစ်ခုဖြစ်ကြောင်း၊ အေးချမ်းသာယာသည့် မြို့တစ်မြို့ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားပြီး ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်အဖြစ်လည်း ဂုဏ်သတင်းကျော်ကြားအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့သာယာလှပတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်လည်း အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့်မြို့၏အလှအပကို ခံစားလည်ပတ်နိုင်ရေး စည်းကမ်းစနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့တွင်နေထိုင်သူများက စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများ ဆောင်ရွက်မည်ဆိုပါက Clean City ဖြစ်လာမည်ဖြစ်ပြီး သစ်ပင်ပန်းမန်များ စိုက်ပျိုးမည်ဆိုပါက Green City ဖြစ်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ဦးဆောင်မှုပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အားလုံးကပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၁၇ - ၁ - ၂၀၂၅)

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်နှင့် မူဝါဒများကို ချမှတ်ဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန် အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သုံးသပ်ကြည့်စေလိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

> **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လို၊ နိုင်ငံအတွက် အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်များကိုလည်း ကူညီပေးသွားရမည်ဖြစ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ လူငယ်များနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ် အတွင်း ကျောင်းပေါင်းစုံအားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများကျင်းပပြုလုပ်ခဲ့၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ချစ်သည့်စိတ်၊ နိုင်ငံတော်ကို ကာကွယ်လိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်။**

နေကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း နောက်တွင် မကျန်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လို

နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro Base Industry)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျ စိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက် ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သော မြန်မာ့ယဉ်ကျေးမှု အတတ်ပညာရပ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဥပမာအားဖြင့် ယွန်းအတတ်ပညာကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အတတ်ပညာများကို တတ်မြောက်သည့် ယွန်းအတတ်ပညာရှင်များလည်း စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့်ကျောင်းသား၊ကျောင်းသူများအား ပညာသင်စရိတ်များကိုလည်း ကူညီပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို

ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပဓိရုပ်များကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ ဆရာ၊ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး ရရှိထားသည့် ဘွဲ့များအလိုက် ကူညီပေးမှုများကို ဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများအား အသိအမှတ်ပြုရန်၊ ချီးမြှင့်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်အတွင်း ကျောင်းပေါင်းစုံအားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ချစ်သည့်စိတ်၊ နိုင်ငံတော်ကိုကာကွယ်လိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေကြစေလိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ် ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များအရ လူဦးရေအနေဖြင့် ကျဆင်းလျက်ရှိပြီး ၅၁ သန်းကျော်ခန့်သာရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများပြားလာခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုများရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လူဦးရေကျဆင်းမှုကြောင့်ပြည်တွင်းလုပ်သားများရှားပါးလာကြောင်း၊ အလားတူ ရွေးကောက်ပွဲကျင်းပရာ၌လည်း အတိုင်းအတာတစ်ခုအနေဖြင့် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမျိုးဖြစ်ရန်အတွက် ဖိဖိစီးစီးဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီ လွှတ်တော်အစည်းအဝေး လုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်

မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ယခင်ထက်ပိုမိုထုတ်လုပ်လာနိုင်သည်ကိုတွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ စျေးကွက်တွင် ဝယ်လိုအားရှိသည့်ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းသင့်တင့်ရန်နှင့် စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် စျေးကွက်သုတေသနကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် မိမိတို့၏ ထုတ်ကုန်များ စျေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း

MSME ထုတ်ကုန်ပစ္စည်းများ တိုးမြှင့် ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန် မြှင့်တင်ပေးသွားမည်ဖြစ်၊ ဒေသတွင်းနေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက အသားငါးများ စျေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်၊ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများ ရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို။

ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ဆန်နှင့် ပဲများသည် စျေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက်အရည်အသွေး ပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများ တင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွေးဆန် ရောင်းအားမြှင့်တင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း MSME ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန် မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းနေထိုင်သည့်လူဦးရေနှင့်ကိုက်ညီသည့်မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက အသားငါးများ စျေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီး ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သော ဆေးရုံများ၌ ဆရာဝန်များမရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာ နယ်မြေများအလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်မှ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေး

ကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့် မည်ညွှတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစု တစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသနှင့် နိုင်ငံ၏အကျိုးနှင့်ပတ်သက်ပါက ပြောသင့်ပြောထိုက်သည်များကို မဖြစ်မနေပြောဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တွန်းတွန်းတိုက်တိုက်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုပြီး ရည်မှန်းချက်များကို ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင်လည်း အောင်မြင်နေသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး ယခင်ကလည်း အရေးပေးဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအဝေးသင်ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကိုအရည်အသွေးပြည့်မီသည့်ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရော်ဘာနှင့် ပတ်သက်၍မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများအလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့် အရင်းအနှီး ကြီးမားစွာ ဆောင်ရွက်ရန်မလိုသည့် စက်ဘီး၊ ဆိုင်ကယ်တို့တွင် အသုံးပြုသည့် တာယာနှင့် ကျွတ်များ အများအပြားထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အရည်အသွေးမြင့် ရော်ဘာထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့် ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ် ကျရောက်မှုတွင် ပါဝင်သည့်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့်ပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းများကောက်ယူ၍ ဆောင်ရွက် လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေး၊ အခြေခံပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေး အားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းအောင် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

“(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၂၀ - ၁ - ၂၀၂၅)

အားလုံး မင်္ဂလာပါ။

ဒီနေ့ကျင်းပပြုလုပ်တဲ့ “(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ”ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကျင်းပလာခဲ့တာ ယခုအခါ (၅၃) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်မှာ ပထမအကြိမ်ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံ စတင်ကျင်းပခဲ့တဲ့နှစ်တွေမှာ သုတေသနစာတမ်းတွေကိုသာ တင်သွင်းဖတ်ကြားနိုင်ခဲ့ရာက ၁၉၉၁ ခုနှစ်မှာပြုလုပ်တဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကစပြီး သုတေသနပိုစတာပြပွဲကို ထည့်သွင်းနိုင်ခဲ့တာ တွေ့ရပါတယ်။ ၂၀၀၂ ခုနှစ် ညီလာခံက စတင်ပြီး ပညာရပ်ဆိုင်ရာ နီးနေသဖလှယ် ဆွေးနွေးပွဲတွေကိုပါ ထည့်သွင်းပြီး ပိုမိုအကျိုးရှိထိရောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒတွေချမှတ်နိုင်ဖို့၊ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်

နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့စတဲ့ လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ယခု (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ ဆောင်ပုဒ် (Congress Theme)က "ကျန်းမာသောဘဝ ပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ် ဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving forward to a healthy lifestyle and addressing health risk behaviors" ဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ မကူးစက်တတ်တဲ့ ရောဂါတွေရဲ့ အရေးကြီးလာပုံကို မီးမောင်းထိုးပြနိုင်ဖို့ ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့လည်း သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာန အသီးသီးနဲ့ ပူးပေါင်းပြီး ကိုဗစ်–၁၉ ကပ်ရောဂါ ကျရောက်ချိန်မှာ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုအချိန်မှာ ထပ်မံဦးမော့လာနိုင်တဲ့ မကူးစက်တတ်တဲ့ရောဂါတွေကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ မကူးစက်တတ်တဲ့ ရောဂါတွေရဲ့ ဖြစ်ပွားနိုင်ခြေကို "စစ်တမ်းကောက်လေ့လာခြင်း သုတေသန – ၂၀၂၄" ကို (STEP SURVEY)နဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပြီး အသိပညာပေးရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့်ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့သုတေသနရလဒ်တွေအပေါ် မူတည်ပြီး ကျန်းမာရေးစီမံချက်တွေကို ချမှတ်ဆုံးဖြတ်ရခြင်းနဲ့ ရလဒ်အခြေပြုမူဝါဒများ ရေးဆွဲခြင်းတွေကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သုတေသနတွေကို ဆောင်ရွက်နေကြတဲ့သုတေသီများကိုယ်တိုင်ကလည်း မိမိတို့ရဲ့ သုတေသနရလဒ်တွေရဲ့ အရေးပါပုံကို သေချာစွာ သိရှိနားလည်ပြီး သုတေသနကျင့်ဝတ်တွေကို တိကျစွာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာလည်း အမြဲမပြတ် သတိပြုရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်း သုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့ စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး ကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်း ရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့ များကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခုညီလာခံကြီးကိုပေးပို့လာတဲ့သုတေသနစာတမ်းတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ် သုတေသနစာတမ်းဆိုပြီး စနစ်တကျ အမျိုးအစားခွဲခြားသတ်မှတ် စိစစ်ရွေးချယ်ဆောင်ရွက်ထားကြောင်းနဲ့ သုတေသနစာတမ်း (၅၄)စောင်နဲ့ ပိုစတာ (၄၃)စောင်ကို ဖတ်ကြားပြသဖို့ စီစဉ်ဆောင်ရွက်ထားတာကို သိရှိရပါ

တယ်။

ဒီညီလာခံကို တင်သွင်းလာတဲ့ စာတမ်းနဲ့ ပိုစတာတွေ ထဲက အကောင်းဆုံးစာတမ်းနဲ့ ပိုစတာတွေကို ဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်အမှတ်ပေးရွေးချယ်ပြီး ဆုများ ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ဂုဏ်ပြုဖို့ အစီအစဉ်များရှိကြောင်း သိရှိရပါတယ်။

နိဂုံးချုပ်အနေနဲ့ -

- ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့ အခါမှာ ပြည်သူ့အကျိုးကို ရှေးရှုပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေး ကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနဲ့ မကူးစက်တတ်တဲ့ ရောဂါများရဲ့ ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကိုသိရှိပြီး ကြိုတင်ကာကွယ်ကြနိုင်ရေးတို့အတွက် လက်တွေ့အသုံးချ သုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြပါ။
- သုတေသနတွေက တွေ့ရှိရတဲ့ အချက်အလက်များ ကိုလည်း ယခုလို ညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်းစတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါ။
- အလားတူ ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှု ခံယူတဲ့အခါမှာ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးကြပါ။
- ကျန်းမာရေးသုတေသနလုပ်ငန်းတွေကတစ်ဆင့် မိမိတို့နိုင်ငံနဲ့ သင့်တော်မယ့် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကို အားလုံးကိုယ်စီရရှိနိုင်ရေးနဲ့ မိမိတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

(၂၂-၁-၂၀၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၂၂ရက်နေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက တပ်သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ်သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ကြံ့ခိုင်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် အသက်အရွယ်အဆင့်အလိုက် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်း ပြည့်မီအောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်

သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြား ပို့ချပေးသွားရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့ နယ်ပယ်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းရှိ ပြခန်းများနှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဌာနခ်ဲ့ သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ်တိုးတက်လျက်ရှိကြောင်း၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဟူသည့် မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘာဝတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားခြင်းသည် လုပ်ငန်းတစ်ခုကျွမ်းကျင်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဖတ်ရှုလေ့လာမှတ်သားထားမှုများနှင့် အတွေ့အကြုံများကိုအပြန်အလှန်ဆက်စပ်နှိုင်းယှဉ်၍ သင်ခန်းစာဖော်ထုတ်သွားရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အုပ်ချုပ်သူများအနေဖြင့် မိမိတို့ကွပ်ကဲနေရသူများကို စနစ်တကျ ကွပ်ကဲကြပ်မတ်နေရန်လိုသကဲ့သို့ ၎င်းတို့၏ သက်သာချောင်ချိရေးအတွက်လည်း မိမိတို့ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး လက်အောက်၏ လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတက်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများဖွင့်လှစ်၍ မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်မတော်သားမိသားစုဝင်သားသမီးများ၏ ပညာရေးကို အမြဲမပြတ် အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘာဝတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ မြှင့်တင်ပေးလျက်ရှိ။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှုရှိသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် မလိုလားအပ်သည့် အသောက်အစားအပျော်အပါးများကိုလျှော့ချခြင်းဖြင့်လည်း ငွေကြေးကုန်ကျမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကာ သက်သာချောင်ချိမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုကြောင်း။

ဂုဏ်ယူတန်ဖိုးထားကြရန်လို

တပ်မတော်သားများသည်မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရွပ်ရွပ်ချွံချွံထမ်းဆောင်လျက်ရှိသကဲ့သို့ မိသားစုများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာတပ်များအလိုက် လိုက်လံနေထိုင်၍ ပါရမီဖြည့်လျက်ရှိကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိ လူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သဖြင့် အများသူငှာ လုပ်ဆောင်နိုင်ရန်ခက်ခဲသည့် တပ်မတော်သား

တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်းဖြစ်၊ မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်း များစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြ၊ စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်းတစ်ယောက် ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်။

ဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း။

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာ၍

စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမည် ဆိုပါက မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကို ကျေပွန်စွာ

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်း
များသည် လူထုဆက်ဆံရေးလုပ်ငန်း
တစ်ခုပင်ဖြစ်၊ နည်းမှန်လမ်းမှန်
ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့်
ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည်
စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်၊
အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့်
အကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်အောင်
ဆောင်ရွက်ရန်လို၊ အလားတူ ကျန်းမာရေး
အသိပညာပေးခြင်းသည်လည်း
အရေးကြီးသဖြင့် ကျန်းမာရေး အသိပညာပေး
အစီအစဉ်များကို အလေးထားထုတ်လွှင့်
ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး
သာမန်အားဖြင့် နားလည်နိုင်သည့်
အစီအစဉ်များဖြစ်ရန်လို၊ မိမိတို့နိုင်ငံသည်
စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို
အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့်
စိုက်ပျိုးမွေးမြူရေး ပညာပေးအစီအစဉ်များ
ကိုလည်း လူအများနားလည်အောင် ရိုက်ကူး
ထုတ်လွှင့်ပေးရန်လို၊ ပေးအပ်ထားသည့်
ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင်
ထမ်းဆောင်နိုင်ရန်အတွက်
အသေးစိတ်မှအစ တစ်ခုချင်းစီအား
စနစ်တကျဆောင်ရွက်ရန်လို၊ ရုပ်သံ
ထုတ်လွှင့်မှုလုပ်ငန်းများ တိုးတက်စေရေး
ကြိုးပမ်းဆောင်ရွက်ကြစေလို။

ဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီတွင် စာမေးပွဲ ဖြေဆိုသည့်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်း သာစွာဖြင့် ဖြေဆိုနိုင်ရေးလိုအပ်သည်များ ဆောင်ရွက် ပေးသွားရန်လိုကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များ တွင်လည်း လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေး စရိုက်လက္ခဏာကို တိုးမြင့်လာစေပြီး အသိ ပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများ အတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစု များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို) သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများ နှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)တပ်မှူးက တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန် မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှု၊ နေ့စဉ်ပြည်တွင်း၊ ပြည်ပသတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြား ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ ထုတ်လွှင့်နေမှုများကို

ကြည့်ရှုလေ့လာ၍ မိမိတို့ရုပ်သံထုတ်လွှင့်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး မိမိတို့ရုပ်သံထုတ်လွှင့်မှုများ တိုးတက်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထုတ်လွှင့်သည့် အစီအစဉ်များသည် လူအများစိတ်ဝင်စားသည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ လူကြီး၊ လူငယ်များ အသက်အရွယ်အလိုက် ကြိုက်နှစ်သက်သည့် အစီအစဉ်များ၊ တေးသီချင်းများ ထုတ်လွှင့်နိုင်ရန်လိုကြောင်း။

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ "ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန် ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာ ဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးအသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့်ကျန်းမာရေးအသိပညာပေး အစီအစဉ်များကို အလေးထားထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့် နားလည်နိုင်သည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာပေး အစီအစဉ်များကိုလည်း လူအများနားလည်အောင် ရိုက်ကူးထုတ်လွှင့်ပေးရန်လိုကြောင်း၊ ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် အသေးစိတ်မှအစ တစ်ခုချင်းစီအား စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) အတွင်းလှည့်လည်၍ ကျန်းမာရေးအသိပညာပေးအစီအစဉ် သရုပ်ပြရိုက်ကူးမှု၊ သတင်းဖတ်ကြားထုတ်လွှင့်မှု သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ်လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအားတွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ ယခုထက်ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ရုပ်သံထုတ်လွှင့်မှုများကိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာဆောင်ရွက်နေရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းသည် တိုးတက်ဖွံ့ဖြိုးမှုကို လိုလားကြပြီး အမြဲမပြတ်ကြိုးစားအားထုတ်၍ ရှေ့သို့ချီတက်နေကြကြောင်း၊ မိမိတို့အနေဖြင့်လည်း "ရှေ့သို့ချီမည် ပန်းတိုင်ဆီ"ဟူသည့် ဆောင်ပုဒ်အတိုင်း တစ်ဦးချင်း၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုများနှင့် လေ့လာမှုများကို အမြဲမပြတ်ဆောင်ရွက်ခြင်း၊ မိမိလုပ်ဆောင်ထားသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်၍ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့်

လုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာခြင်းကို အသားကျဖြစ်စေရေး အလေ့အကျင့် ပြုလုပ်နေရန်လိုပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် အတတ်ပညာများကို အမီလိုက်နိုင်ရေး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်

ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး အသိအမြင်ကောင်းများ၊ အများပြည်သူသိရှိရန်လိုအပ်သည်များကို ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမြဲမပြတ်လေ့လာဖတ်ရှု၍ ပြန်လည်ဝေမျှခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် အသံနှင့်အရုပ် နှစ်မျိုးရှိကြောင်း၊ အသံနှင့်ပတ်သက်၍ အသံများမှန်ရန်လိုသကဲ့သို့ ရုပ်အနေအထားသည်လည်း တည်ကြည်သည့် အနေအထားတွင်ရှိရန်နှင့် ပျော့ပျောင်းသည့် အနေအထားရှိစေရေး သတိထားရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်မှုတသည့်သွားလာနေထိုင်မှုများလည်းရှိရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် လုပ်ငန်းရပ်များအလိုက် မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားပြီး တပ်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သည့် "လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်"တို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

■ ■ ■

မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

(၂၅ - ၁ - ၂၀၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိမြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က ၂၀၂၂ ခုနှစ်မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ မူကြိုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းတည်ဆောက်ရန်

လျာထားမှုနှင့် လက်ရှိတက်ရောက်နေမှု၊ အားကစားကွင်းများနှင့် ကလေးကစားကွင်းများ ထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ ရေနှင့်လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး

Shopping Complex ကို ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ပြည်သူများနှင့် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်)တွင် နေထိုင်သူများ၏ လူနေမှုအဆင့်မြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်၊ ရေ၊ မီး စနစ်များ အသုံးပြုရန်အတွက် လိုအပ်သည့်လျှပ်စစ်မီး အချိန်ပြည့်ရရှိစေရေး Roof Top တွင် ဆိုလာပြားတပ်ဆင်ရန်နှင့် စီမံကိန်းမြေ နေရာ၏ အခြားမြေလွတ်နေရာများတွင်လည်း ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်လို၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များ ကိုလည်း ယခုကတည်းကပင် စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လို၊ ရေထုတ်စနစ်များ ကောင်းမွန်စေရေးအတွက်လည်း တွက်ချက်ဆောင်ရွက်သွားရန်လို၊ မြို့အတွင်းရှိ လမ်းများအနေဖြင့်လည်း လမ်းနယ်များ စနစ်တကျရှိရမည်ဖြစ်ပြီး ရေဝင်ရေထွက် စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လို။

ဝန်ကြီးချုပ် ဦးစိုးသိန်းက အိမ်ရာဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းနှင့် မြေအသုံးချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြုအိမ်ရာ တစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာအတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် စီမံကိန်းလိုအပ်ချက်နှင့် ကိုက်ညီသည့် ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းတစ်ခုကိုလည်း စနစ်တကျတွက်ချက်၍ ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာများ ဆောက်လုပ်ရာတွင် မြေကိုအကျိုးရှိရှိနှင့် အကွက်ကျကျအသုံးချနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်အထိ အိမ်ရာဝန်းတစ်ခုအတွင်း၌ပင် အိမ်ခန်းပေါင်း ၄၀၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ငယ်တစ်မြို့ကဲ့သို့ ဖြစ်လာပြီဖြစ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရန်လိုကြောင်း ပြောကြားပြီး အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး အိမ်ရာသန့်ရှင်းသာယာလှပရေး၊ ရေသွင်းရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူများကို မှာကြားပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယ

ဗိုလ်ချုပ်ကြီး ရဲအောင် (အင်ဂြိမ်းစား)နှင့် တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူတို့က စီမံကိန်းအကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရာနှုန်းပြည့်ပြီးစီးပါက မြင်တွေ့ရမည့်ပုံစံများ၊ အဓိကကျသည့် လုပ်ငန်းကြီးများ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခု Shopping Complex ကို ဒဂုံမြို့သစ်(တောင်ပိုင်း)နေပြည်သူများနှင့် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)တွင် နေထိုင်သူများ၏ လူနေမှုအဆင့်မြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရေ၊ မီး စနစ်များ အသုံးပြုရန်အတွက်လိုအပ်သည့် လျှပ်စစ်မီး အချိန်ပြည့် ရရှိစေရေး Roof Top တွင် ဆိုလာပြားတပ်ဆင်ရန်နှင့် စီမံကိန်းမြေနေရာ၏ အခြားမြေလွတ်နေရာများတွင်လည်း ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များကိုလည်း ယခုကတည်းကပင် စနစ်တကျဖြင့်စိုက်ပျိုးသွားရန်လိုကြောင်း၊ ရေထုတ်စနစ်များ ကောင်းမွန်စေရေးအတွက်လည်း တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့အတွင်းရှိ လမ်းများအနေဖြင့်လည်း လမ်းနယ်များ စနစ်တကျရှိရမည်ဖြစ်ပြီး ရေဝင်ရေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်နှင့် ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ငွေပင်လယ်အသားတိုးနွားမွေးမြူရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထွက်ရှိလာသည့် သား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား သက်သာသောစျေးနှုန်းများဖြင့် စျေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်မှု၊ အအေးခန်းစက်ရုံ (လှိုင်သာယာ) ၏ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ရေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စွန်ရဲအင်းမွေးမြူရေးဇုန်၌ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ ဆိတ်မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် အစာစပ်စက်ရုံ တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ဒေသတွင်း အသား၊ ငါးနှင့် ရာသီသီးနှံ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၇ သန်းကျော်ရှိပြီး စားရေးဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်စျေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍

အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းများ၌သာမက ကျေးရွာအလိုက်တစ်ပိုင်တစ်နိုင် မွေးမြူရေးသည်ပင် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုပြီး အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးအစာ ကုန်ကြမ်းများ မပြတ်ရရှိရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ဟင်းသီးဟင်းရွက်များ ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံစားကုန်များကိုများများထုတ်လုပ်နိုင်မှသာလျှင်ကုန်စျေးနှုန်းကြီးမြင့်မှုများသည်လည်း လျော့ကျလာမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာသမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်နေသည့် နိုင်ငံများ၏ စိုက်ပျိုးရေးနည်းလမ်းများ၊ မွေးမြူရေးနည်းလမ်းများကိုလည်းအမြဲမပြတ်လေ့လာ၍အတုယူဆောင်ရွက်ကြရန် မှာကြားသည်။

■ ■ ■

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၂၅ - ၁ - ၂၀၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင်နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အုပ်ချုပ်ပုံနည်းစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပြည်သူတစ်ရပ်လုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဖော်ဆောင်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုတို့ကို ဦးစွာရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မည်သည့်တပ်ဖွဲ့၊ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ရေးသတိ၊ စစ်ရေးအသိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှသင်ကြားပေးလိုက်သည့်စစ်အတတ်

ပညာများကိုလက်တွေ့နယ်ပယ်၌အကျိုးရှိထိရောက်အောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့သင်ကြားပေးထားသည့်အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရန်အတွက် အမြဲမပြတ် လေ့ကျင့်နေရမည်ဖြစ်ပြီး အသက်အရွယ်နှင့်ညီမျှသည့် ကျန်းမာကြံ့ခိုင်မှုများနှင့် သန်စွမ်းမှုများ ရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်လာပါက မိမိတို့၏ တာဝန်များကို ရဲရဲဝံ့ဝံ့ဖြင့် ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး လုပ်ရဲကိုင်ရဲသည့်စိတ်များနှင့် လုပ်ချင်ကိုင်ချင်စိတ်များ ရှိရန်လိုကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းကိုင်တွယ် အသုံးပြုရသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း။

မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လို

တပ်မတော်သားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်

နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လို၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိ၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြသဖြင့် အများသူဌာ လုပ်ဆောင်နိုင်ရန်ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လို။

ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်သဖြင့် မိမိတို့၏ စစ်သားဘဝကို ခုံမင်မြတ်နိုးတန်ဖိုးထားရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြသဖြင့် အများသူဌာ လုပ်ဆောင်နိုင်ရန်ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက်တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့ တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လုပ်ဆောင်ရမည့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကိုပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက သူတစ်ပါး၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်သဖြင့် မိမိကိုယ်နှင့် မိမိအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ် လေ့လာအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ လေ့ကျင့်

ရေးပိုင်းနှင့်ပတ်သက်လာပါက "ချွေးထွက်များမှ သွေးထွက်နည်းမည်" ဖြစ်သဖြင့် စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ညီညွတ်မျှတသည့် အုပ်ချုပ်ကွပ်ကဲမှု ပုံစံရှိရမည်ဖြစ်ပြီး လူတို့၏ သဘောသဘာဝကို သိရှိခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ ကျောရိုးသည် စည်းကမ်းဖြစ်ပြီး စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်၊ မဖြစ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတ ကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိရေးသည် ဆက်စပ်လျက်ရှိပြီး အုပ်ချုပ်မှု အားကောင်းခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုကောင်းလာမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝ ရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့ကို ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့ပြီး အမြတ်ကို အဓိကမဟုတ်ဘဲ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဝယ်ယူစားသုံးနိုင်ရေး အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိတို့တစ်မိသားစုချင်းနှင့် မိမိတို့တပ်ဖွဲ့၏ သက်သာချောင်ချိမှုကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တပ်ဖွဲ့တွင်းရောင်းချပြီး ပိုလျှံသည်များကို ပြင်ပမှဝန်ထမ်းများ၊ ဒေသခံများသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခြင်းဖြင့်လည်း ဒေသ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များဖြစ်သည့်

မည်သည့်လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက သူတစ်ပါး၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ် လေ့လာအားထုတ်သွားကြရန် မှာကြားလို၊ လေ့ကျင့်ရေးပိုင်းနှင့်ပတ်သက်လာပါက "ချွေးထွက်များမှ သွေးထွက်နည်းမည်" ဖြစ်သဖြင့် စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်။

လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ကောင်းမွန်သည့်စိတ်ဓာတ် မွေးမြူရန်သည် စစ်သည် တစ်ဦးတစ်ယောက်ချင်းစီတွင် တာဝန်ရှိကြောင်း၊ ကွပ်ကဲကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့ကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ စိတ်ဓာတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများ၊ အခါအားလျော်စွာ ကျင်းပသည့် ပျော်ပွဲရွင်ပွဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးခြင်းများဖြင့် စိတ်ဓာတ်ကောင်းမွန်မှုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

တစ်ဦးချင်းစီ၏အရည်အသွေးတိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာသွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် မိမိကိုယ်ကို အကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတလေ့လာခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာများကို မှတ်သားခြင်း၊ လက်တွေ့ကြုံတွေ့လာရသည့်အခြေအနေတွင်၎င်းအကြောင်းအရာကို အကျိုးရှိရှိ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့သိရှိထားသည့် အကြောင်းအရာများကို အခြားသူများကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ "ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်" ဖြစ်သကဲ့သို့ စာမတတ်လျှင် တစ်သက်လုံး အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့ရနိုင်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးအတွက် အခက်အခဲများ ကြုံတွေ့ရနိုင်မည်ဖြစ်သဖြင့် စာပေဖတ်မှတ်လေ့လာခြင်းကို အမြဲမပြတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

■ ■ ■

၂၀၂၅ ခုနှစ်၊ မြေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား

(၂၅ - ၁ - ၂၀၂၅)

၂၀၂၅ ခုနှစ်၊ မြေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဧန်နဝါရီလ ၂၅ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့်ကြွရောက်လာကြသည့်ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဧနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ်၊ မြေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ–တရုတ်ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု နှီးနှောဖလှယ်ရေးအဖွဲ့နာယက၊ လူမျိုးပေါင်းစုံ ညီညွတ်ရေးအဖွဲ့အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့်(ဖူကင်) တရုတ်အမျိုးသားအသင်းဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ်၊ မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့အား ခြေသ့ေ်ရှစ်ကောင်ကမဂ််လာဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ်ပဝါများဖြင့် ဂါရဝပြုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

> **တရုတ်–မြန်မာ နှစ်နိုင်ငံအနေဖြင့် ပထဝီမြေ အနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိ၊ တရုတ်–မြန်မာ နှစ်နိုင်ငံအကြားတွင် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေး စသည့် ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြ။**

ယင်းနောက် ရွှေနဂါး တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ ရှောင်လင်ဘုန်းကြီးတစ်ပါးက နှစ်သစ်ကူးဆုတောင်းစကားနှင့် တရုတ်–မြန်မာ ချစ်ကြည်ရေးခိုင်မြဲစေကြောင်း ဆုတောင်းစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ရှောင်လင်ကွန်ဖူးသရုပ်ပြသခြင်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ ရှောင်လင်ဘုန်းကြီးများထံ ဗုဒ္ဓရုပ်ပွားတော်များနှင့် သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းပြီး ရှောင်လင်ဘုန်းကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များ၊ ရှောင်လင်ဘုန်းကြီးများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များက တစ်ဖွဲ့ချင်းစီ အလိုက် ဂါရဝပြုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများသည် China Town တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် တရုတ်ရိုးရာအစားအစာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာခြသ့ေ်အရုပ်အား ဆေးခြယ်အသက်သွင်းခြင်း မဂ််လာအခမ်းအနားကိုပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ရိုးရာခြသ့ေ်အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။ ယင်းနောက်

တရုတ်ရိုးရာခြေသော့်အကအဖွဲ့က ဂါရဝပြု ကပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသည်လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းမှ ယနေ့တိုင်အောင် တည်ရှိနေပြီး ကမ္ဘာ့သမိုင်းမှာ အရှည်ကြာဆုံးသော ယဉ်ကျေးမှုသမိုင်းမှတ်တမ်းကို ထိန်းသိမ်းထားနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအရ နွေဦးပွဲတော်ဟုခေါ်ဆိုသည့် နှစ်သစ်ကူးပွဲတော်ကိုလည်း လွန်ခဲ့သည့်နှစ်ပေါင်း ၃၅၀၀ ကျော်ကတည်းက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်း ကျင်းပခဲ့ကြသည်ကို ဂုဏ်ယူဖွယ်လေ့လာတွေ့ရှိရကြောင်း၊ တရုတ်ရိုးရာအရ ယခု ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံက တရုတ်ရိုးရာရာသီခွင် ၁၂ ပါးထဲမှ မြွေနှစ်ဖြစ်သည်ကို သိရှိရကြောင်း၊ မြွေနှစ်သည် ဥာဏ်ပညာ၊ မဟာဗျူဟာပြောင်းလဲခြင်း၊ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်းအဓိပ္ပာယ်ဟု ယူဆကြသည်ကို သိရှိရကြောင်း၊ တရုတ်ပြည်သူတို့၏ မျှော်လင့်ချက်များ ပြည့်ဝအောင် တိုးတက်ပြောင်းလဲခြင်းများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်–မြန်မာ နှစ်နိုင်ငံအနေဖြင့် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးကိုကြည့်ပါကလည်း မှတ်တမ်းများအရ ခရစ်နှစ် ၉၀၁ ခုနှစ်က စတင်ခဲ့ခြင်းကြောင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ နှစ်ပေါင်းထောင်ချီခဲ့သည့် ဆက်ဆံရေးနှင့်ရှည်လျားသည့် နယ်နိမိတ် ထိစပ်နေခြင်းကြောင့်လည်း တရုတ်–မြန်မာ နှစ်နိုင်ငံအကြားတွင် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးစသည့်ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် ရှေ့ဆက်ပြီးတော့လည်း တရုတ်–မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောလိုကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသော ကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်းဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍လည်း မြန်မာ–တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်

တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသော ကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်းဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရ၊ မြန်မာ–တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံ အနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလို၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်။

နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံ အနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလို ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပြီး မြန်မာ နိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွား မည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်းတွင် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးခိုင်မာနေမှုကို ပြသနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလထဲတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို သွားရောက်ခဲ့ပြီး မဟာမဲခေါင် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်အပြင် အခမ်းအနားကို တက်ရောက် လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင် များနှင့်လည်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ်တွင်လည်း တရုတ်နိုင်ငံဝန်ကြီးချုပ်က တရုတ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အတည်ပြု ဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ် အေးချမ်းရေးနှင့်ပတ်သက်ပြီး အပြည့်အဝထောက်ခံ ကူညီအားပေးမည့်အချက်များ၊ မိမိတို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အပေါ် ထောက်ခံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကူညီ ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နိုင်ငံရေးအရ၊ ယုံကြည်မှုအရ ပိုမိုတိုးတက် စေရေး ဆောင်ရွက်သွားမည့်အချက်များ စသည်များကို ထပ်လောင်းအတည်ပြု ဆွေးနွေးခဲ့ကြောင်း၊ ထိုသို့မြန်မာ နိုင်ငံ၏ဆောင်ရွက်ချက်များအပေါ် တရုတ်နိုင်ငံက တာဝန်ရှိ ပုဂ္ဂိုလ်များ၏အတည်ပြုဆွေးနွေးချက်များနှင့်ကူညီထောက်ပံ့ မှုများသည် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ထာဝရ မိတ်ဆွေအဖြစ် တည်ရှိနေမှုကို ဖော်ပြနေခြင်းလည်းဖြစ် ကြောင်း၊ အဆိုပါ ရပ်တည်ချက်အတွက်လည်း မြန်မာ နိုင်ငံက တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြား လိုကြောင်း။

မိမိအနေဖြင့် ကုမင်းမြို့တွင် တရုတ်ပြည်တွင်းက စီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပြောပြခွင့်ရရှိခဲ့ ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရုတ်စီးပွားရေး လုပ်ငန်းရှင်များ၏ တက်ကြွသည့်အမြင်နှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်လိုမှုများကို မြင်ခဲ့ရပြီး မိမိတို့နိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကုမင်း၊ ချုံချင့်၊ ရှန်းကျန့်မြို့များတွင်ရှိသည့် အထင်ကရနေရာများ၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာ ခဲ့ပြီး တရုတ်လူမျိုးတို့၏ ကြိုးစားအားထုတ်မှု အသီးအပွင့် များကို မြင်တွေ့ခဲ့ရကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက် ရာတွင် အောင်မြင်သည့်အရွေ့များ ဖြစ်ပေါ်လာမှုသည် မိမိတို့၏ ခိုင်မာသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ် နိုင်ငံ၏ အားပေးကူညီမှုများကြောင့်ဖြစ်ကြောင်း၊ တရုတ် နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးအပေါ် အခိုင်အမာ ထောက်ခံပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထား ကူညီဆောင်ရွက်ပေးနေမှုများအတွက်လည်း တရုတ် နိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ကူညီဆောင်ရွက် ပေးရန် ပန်ကြားလိုကြောင်း။

အပြန်အလှန် ဖေးမကူညီခဲ့ကြ

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တရားဝင်သံတမန် ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်နေ့တွင်

စတင်ထူထောင်နိုင်ခဲ့ခြင်းကြောင့် လာမည့်ဇွန်လ ၈ ရက်နေ့ဆိုပါက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်တိုင်တိုင် စိန်ရတုကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ တရုတ်-မြန်မာနှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံကြုံတွေ့လာသည့် အရေးကိစ္စများတွင် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ဖေးမကူညီခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ စတင်ထူထောင်ခြင်းအပေါ် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါအချိန်ကတည်းက ရပ်တည်ခဲ့သည့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုလည်း ဒီနေ့အချိန်အထိ ခိုင်ခိုင်မာမာ ရပ်တည်နေသည့် နိုင်ငံဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံကို တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း လာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကလည်း နှစ်နိုင်ငံဆက်ဆံရေးသမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ယနေ့တိုင် လက်ကိုင်ထား ကျင့်သုံးနေကြခြင်းကြောင့် နှစ်နိုင်ငံဆွေမျိုး ပေါက်ဖော်ဆက်ဆံရေး၏ ပြယုဂ်အမှန်ကို ဖော်ထုတ်ပြသနေကြဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ ရှည်လျားလှသည့် သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ရှိမှု၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ်မှစပြီး တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့သတ်မှတ်ပေးမှုသည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် ရပ်တည်ချက်သဘောထားအပေါ် အလေးထားအသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ ရေရှည်ကို မျှော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော် ဆောင်ရွက်ချက်များကိုအလေးအနက်ထောက်ခံခြင်းလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မလိုလားကြသည့် ပြည်တွင်းပြည်ပက အဖွဲ့များအနေဖြင့်လည်း နည်းလမ်းမျိုးစုံအသုံးပြုပြီး သွေးခွဲနေကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ တာဝန်ရှိသူများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံးက အထူးဂရုစိုက်ဖို့လိုကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုသားလို့ အကြားမထင်သလို ဘယ်လိုနည်းလမ်းနှင့် လုပ်ရပ်မျိုးကမှ ပျက်ပြားအောင်လုပ်၍ မရဘူးဆိုသည်ကို သက်သေပြနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာပြည်သူများ၊ မြန်မာနိုင်ငံအတွင်းမှာရှိကြသည့် တရုတ်-မြန်မာ အသင်းအဖွဲ့များ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသားများအနေဖြင့် နိုင်ငံချစ်စိတ်များ၊ အေးအတူပူအမျှ အတူတူနေထိုင်သွားကြမည်ဆိုတဲ့ စိတ်များနှင့်အချင်းချင်းပူးပေါင်းဆောင်ရွက်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံကို ခိုင်မာသည့် ထာဝရအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အားလုံးက ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅) တွင် ပြောကြားသည့်အမှာစကား

(၃၁ - ၁ - ၂၀၂၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅)ကို ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ(တာဝန်)၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဌေးနှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ယာယီသမ္မတ(တာဝန်)၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်၏ကာကွယ်ရေးနှင့် လုံခြုံရေးအခြေအနေ

ထိုသို့တင်ပြရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အဆိုပါအချိန်က နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ကိုက်ညီပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ ပထမဆုံးဖြစ်သည့် "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"ဆိုသည့် အချက်နှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်

သမားများအနေဖြင့် မြို့/ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများ ပြုလုပ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိအောင် ဖန်တီးလျက်ရှိကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းနေသည်ကို တွေ့ရကြောင်း၊ ၆ လတာကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုအမျိုးမျိုးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုကို

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO များအနေဖြင့်လည်း နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များနှင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ အစွန်းရောက် ယူဆချက်များနှင့် ၎င်းတို့လှုပ်ရှားသည့် နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများ ပြုလုပ်ခဲ့၊ ပြည်တွင်း ပြည်ပမှ နိုင်ငံတော်အကျိုးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန် သတင်းများကိုလည်း ဝါဒဖြန့်ခဲ့ကြ၊ နိုင်ငံတစ်ဝန်းလုံး အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာအောင် အချိန်ကိုက်ဟန်ချက်ညီညီဖြင့် လှုံ့ဆော်ခဲ့သည်ကို တွေ့ရ၊ နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရ။

ကြည့်မည်ဆိုပါက အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၃၈၃ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ကျန်းမာရေးနှင့် လူနေအဆောက်အအုံအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ ၅၁၆ လုံးတို့ကို ဖျက်ဆီးခြင်းခံခဲ့ရကြောင်း၊ အစီရင်ခံသည့် ကာလအတွင်း ကချင်ပြည်နယ်တွင် KIA အကြမ်းဖက်သောင်းကျန်းသူများက PDF များနှင့်ပေါင်း၍ တရုတ်–မြန်မာနယ်စပ်ဒေသ၊ ဗန်းမော်ဒေသ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း အင်းတော်ဒေသ၊ ကရင်ပြည်နယ်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ ကရင်ပြည်နယ်၊ ကတိုင်တိဒေသ၊ မဲပလီဒေသ၊ အနန်းကွင်းဒေသ၊ ကော့ကရိတ်ဒေသ၊ ရခိုင်ပြည်နယ်တွင် AA အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ မကွေးတိုင်း–ရခိုင်ပြည်နယ်အစပ်၊ ပဲခူးတိုင်း–ရခိုင်ပြည်နယ်အစပ်၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ် အစပ်ဒေသများတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ချင်းပြည်နယ်တွင် CNF သောင်းကျန်းသူများသည် PDF များနှင့်ပူးပေါင်း၍ မင်းတပ်၊ ကန်ပက်လက်နှင့် ဖလမ်းမြို့တို့ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေမှုသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုကြောင့် ရွေးကောက်ပွဲရလဒ်ပယ်ဖျက်ခံရမှုအပေါ်တွင် မဲမသမာမှုပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့က လူထု၏ စိတ်ခံစားချက်ကို အသုံးချပြီး သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ခြင်းက အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO များအနေဖြင့်လည်း နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များနှင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ အစွန်းရောက် ယူဆချက်များနှင့် ၎င်းတို့လှုပ်ရှားသည့် နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပမှ နိုင်ငံတော်အကျိုးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန် သတင်းများကိုလည်း ဝါဒဖြန့်ခဲ့ကြကြောင်း၊ နိုင်ငံတစ်ဝန်းလုံး အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာအောင် အချိန်ကိုက်ဟန်ချက်ညီညီဖြင့် လှုံ့ဆော်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ပြင်

ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူ့ပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါဖြစ်ရပ်များ၏အကျိုး မည်သူများ ရရှိခံစားရပါသလဲ၊ မည်သူမျှမရပါကြောင်း၊ နိုင်ငံ၏ ဆုံးရှုံးမှုများသာ ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို လိုလားပါသည်ဟုဆိုပြီး လှုံ့ဆော်အားပေးနေသည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ စဉ်းစားကြရန်လိုကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပေးရမည်ဆိုပါကပြီးခဲ့သည့်နှစ်က လွှိုင်ကော်မြို့ကို KNPP ၊ PDF အဖွဲ့များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လွှိုင်ကော်မြို့မှ တက္ကသိုလ် အဆောက်အအုံများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရကြောင်း၊ လွှိုင်ကော်တက္ကသိုလ်မှ အဆောက်အအုံ ၄၄ လုံး ပျက်စီးခဲ့ပြီး ၎င်းတို့ကိုပြုပြင်ရန် ငွေကျပ် ၉ ဘီလီယံခန့် ကုန်ကျရန်ရှိကြောင်း၊ အဆိုပါကုန်ကျစရိတ်သည် မူလတန်းကျောင်းအသစ် များစွာ ဆောက်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများစွာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ တက္ကသိုလ်တစ်ခုတည်း၏ ပျက်စီးမှုကိုသာ တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ကျန်တက္ကသိုလ်၊ ကျောင်းများ၊ စျေး၊ ပြည်သူတို့၏ ပိုင်ဆိုင်မှုများပါ ထည့်သွင်းတွက်ချက်ပါက ဘီလီယံပေါင်းများစွာ ရှိဦးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအကြောင်းပြပြီး မိုက်မဲစွာ ဆောင်ရွက်မှုကြောင့် ဒေသခံများသာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စွန့်လွှတ်စွန့်စားစွာဖြင့် အဆိုပါ အကြမ်းဖက်သမားများကို ရှင်းလင်းခဲ့ရကြောင်း။

ဒေသတစ်ခုတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် လုပ်နိုင်စွမ်းရှိသူများသည် အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံများနှင့် ဒေသခံအကြမ်းဖက် သမားများသာဖြစ်ကြောင်း၊ ထိုသို့ လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံးက ရှုတ်ချနေကြပြီး ရပ်တန့်သွားအောင် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်သူတစ်ဦးချင်းစီနှင့် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိဆောင်ရွက်နိုင်ရန် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ခြင်းကြောင့် အများပြည်သူလုံခြုံရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက်ပြည်သူ့လုံခြုံရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်သူများအနေဖြင့် သတင်းများပေးကြရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို ကျင်းပနိုင်ရန် အဘက်ဘက်မှ ပြင်ဆင်မှုများကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် စစ်မှန်သည့်ပြည်သူ့ဆန္ဒကို ဖော်ပြနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲမည်မျှပေးမှသာ ရွေးကောက်ပွဲဖြစ်မြောက်မည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသည်ကိုလည်း တွေ့ရပါကြောင်း၊ ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုကသာ စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ စည်းစနစ်ကျနမှုရှိပြီး လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရအောင် အဖြစ်နိုင်ဆုံး ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ အဆိုပါအချက်များ ဖြစ်ပေါ်ရန် နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိရန် အရေးကြီးခြင်းကြောင့် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့

ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ရပ်ရွာဒေသများ အေးချမ်းသာယာရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးရေးကို ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

စိုက်မွေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ဆောင်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာသားငါး၊ သစ်တောနှင့် နီးနွယ်သည့် အလုပ်များလုပ်ကြကြောင်း၊ ၅၀ ရာခိုင်နှုန်းကျော်သည် ပညာရေးအသင့်အတင့်သာ ရှိခဲ့ကြသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုနည်းစနစ်တကျ ဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝမှ ပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာ အနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ စျေးနှုန်းကြီးမြင့်ခြင်းကို ကျော်လွှားနိုင်ရန် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆထိရအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

ပြည်တွင်းမှ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မြှင့်တင်နိုင်ရန်နှင့် ပြည်ပမှ တင်သွင်းကုန်များ လျှော့ချနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်မှသာ ၎င်းတို့နှင့် ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှ တင်သွင်းကုန်များ လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးခိုင်မာမှုရှိလာပြီး ကုန်စျေးနှုန်းတည်ငြိမ်မှုကိုပါ ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်ရန် ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကို အခြေခံပြီး စက်မှုနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်မှစပြီး MSME လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် နိုင်ငံအနှံ့သွားရောက်ပြီး တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ကြမ်းရရှိရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းအပေါ်မှာ အခြေခံရန် မူဝါဒပေးထားပြီး ထိုမှတစ်ဆင့် တန်ဖိုးမြင့်ကုန် ပစ္စည်းများ ထုတ်လုပ်ရေး၊ ပြည်ပသို့တင်ပို့ရေး၊ သွင်းအားစုများ ရရှိရေး၊ ဘဏ္ဍာငွေ အကူအညီပေးရေး၊ လူသားအရင်းအမြစ်များ ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှသာ အထွက်နှုန်းတိုးတက်လာမည်မှာ အသေအချာပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးရာသီအတွင်း မိုးစပါးစိုက်ပျိုး ဧက ၁၄ ဒသမ ၈ သန်းကျော်၊ နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၀၉ သန်းကျော်၊ ပြောင်းမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၁ သန်းကျော်၊ ဆီထွက်သီးနှံစိုက်ပျိုးဧက ၃ ဒသမ ၂ သန်းကျော်နှင့် ပဲမျိုးစုံစိုက်ပျိုးဧက ၃ သန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးသည့် စပါးအပါအဝင် သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်ပါကလည်း အစာနှင့်ရေကို စနစ်တကျတိုက်ကျွေးသည့်စနစ်ဖြင့် ဒေသတွင်းထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြုပြီး အောင်မြင်သော မွေးမြူရေးလုပ်ငန်းဖြစ်အောင် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်သည့်အတွက် အောင်မြင်အောင်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အထူးသဖြင့် ပြည်ပမှစားသုံးဆီ နှစ်စဉ်ဒေါ်လာသန်း ၅၀၀ ကျော်ဖိုး တင်သွင်းနေရသည်ကို ၂၀၂၆ ခုနှစ်တွင် လျှော့ချရန် စီမံကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆီထွက်နှုန်းကောင်းသည့် နှမ်းကို ပန်းတိုင်ရည်မှန်းချက်ထွက်ရှိရေး၊ နေကြာတိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်

ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှုကဏ္ဍနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် တို့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မရှင်များ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကျသည့် ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူ အကောင်အထည်ဖော်ကြရမည်ဖြစ်သည့်အတွက် ထိထိ ရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကသာ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက် ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော် အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်အရေအတွက် များများရှိမှသာ ကဏ္ဍအစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပညာရေး၏ သဘောသဘာဝအရ အခြေခံပညာ အလယ်တန်းအဆင့်ထိ သင်ယူပြီးမှသာ ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ် ကြောင်း။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့် ရပြီး ပညာသင်ကြားနိုင်ရေးသည် အရေးကြီးသည့် ကိစ္စရပ် ဖြစ်ကြောင်း တာဝန်ရှိသူများအနေဖြင့် ကျောင်းတက်နေ သည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာရေး ဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ် ကူးပြောင်းမှုများ တိုးတက်စေရေးနှင့် အသက်မွေးဝမ်း ကျောင်းပညာနှင့် အဆင့်မြင့်ပညာများကို သင်ယူ ပြီးမြောက်စေရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကျောင်းတက်သင့်သည့်အချိန်တွင် ကျောင်း မတက်ရသည့် ကလေးများအနေဖြင့် ၎င်းတို့၏ ဘဝကို များစွာနစ်နာစေသည့်အပြင် ဒေသနှင့် နိုင်ငံတိုးတက်ရေး ကိုပါ ထိခိုက်စေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနာဂတ် အတွက် ကလေးအားလုံး ကျောင်းနေပြီး ပညာသင်ကြား နိုင်ရေး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မရပ်ဖများ အားလုံးပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လာမည့်မတ်လတွင် ပြုလုပ်မည့် KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် လျှောက်လွှာတင်သွင်းထားသူ ၂ ဒသမ ၂ သိန်းကျော်ရှိ ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စနစ်တကျ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်က လုပ်ဆောင်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးနှင့်ပတ်သက်ပါက ပြည်သူတိုင်း ကျန်းမာရန် အရေးကြီးကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားခြင်းနှင့် လူမှုရေး၊ စီးပွားရေး စသည့်အလုပ်များ လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် "ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဆိုသည့် မူဝါဒကိုချမှတ်ပြီး ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက် ပေးလျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်ကဏ္ဍ

မိမိတို့ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုများ ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၈ ခုရှိ မြို့နယ် ၁၀၆ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ကြုံတွေ့ခဲ့ရသည့် ရေဘေးသည် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ အလွန်ဆိုးရွားသည့် အခြေအနေနှင့် မကြုံတွေ့ခဲ့ဖူးသည်ကို သိရှိရကြောင်း၊ ထိုသို့ သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ဆုံးရှုံးမှုများ၊ သေဆုံးမှုများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည် ဆောင်ရွက် ပေးနိုင်ရေးအတွက် မိမိကိုယ်တိုင် သဘာဝဘေးဖြစ်ပွားရာ နေရာများအထိ လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း၊ သဘာဝဘေးဒဏ် ခံစားနေရသည့် ပြည်သူများနှင့် တွေ့ဆုံပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း၊ စားသောက်ဖွယ်ပစ္စည်းများကို ကူညီဆောင်ရွက်ပေးအပ်ခဲ့ ကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးဖြစ်ပွား ရသည့် အကြောင်းရင်းနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီ

ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း။

ကူညီဆောင်ရွက်ပေးနိုင်မှုများအနေဖြင့် ယခုဖြစ်ပွားခဲ့သည့် သဘာဝဘေးအတွင်းတွင် သေဆုံးခဲ့ရသူဦးရေ ၄၄၀ ကျော်အတွက် ငွေကျပ် ၄၄၇ ဒသမ ၁ သန်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ လူနေအိမ် ပျက်စီးမှုများအတွက် ငွေကျပ် ၂၁ ဒသမ ၂ ဘီလီယံကျော်နှင့် အခြားဆောင်ရွက်ပေးမှုများအဖြစ် ငွေကျပ် ၃၈ ဒသမ ၉ ဘီလီယံကျော်

ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုကသာ စောင့်ရှောက်ရမည်ဖြစ်၊ စည်းစနစ်ကျနမှုရှိပြီး လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်ရန်လို၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရအောင် အဖြစ်နိုင်ဆုံး ဆောင်ရွက်ပေးရန်လည်းလို၊ အဆိုပါ အချက်များဖြစ်ပေါ်ရန် နယ်မြေဒေသ အလိုက် တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိရန် အရေးကြီးခြင်းကြောင့် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်၊ မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ရပ်ရွာဒေသများ အေးချမ်းသာယာရေးနှင့် ဒီမိုကရေစီ လမ်းကြောင်း ဖြောင့်ဖြူးရေးကို ပြည်သူ့အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လို။

ကူညီပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် တိုက်ပွဲရှောင် ပြည်သူများ အင်အားစာရင်းကိုလည်း ပြုစုလျက်ရှိပြီး ကူညီပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်ထဲတွင် အကျုံးဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကိုကူညီပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အစိုးရက အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတစ်ဝန်းက အလှူရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကလည်း တတ်နိုင်သရွေ့ ပါဝင်လှူဒါန်းခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ အများပြည်သူများ၏ ပါဝင်လှူဒါန်းမှုကို ကြိုဆိုသည်ကို ပြောကြားလိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသားများအနေဖြင့် ယခုကဲ့သို့ နိုင်ငံသားအချင်းချင်း သဘာဝဘေးတွေ့ကြုံရချိန်၊ အခက်အခဲများ တွေ့ကြုံနေကြရချိန်တွင် မိမိတို့ တတ်နိုင်သလောက် ပါဝင်ကူညီခဲ့ကြခြင်းသည် မိမိတို့နိုင်ငံသားများအကြားတွင် ရှိနေသည့် ညီရင်းအစ်ကို စိတ်ဓာတ်၊ အမျိုးကိုချစ်သည့် စိတ်ဓာတ်များကို ဖော်ထုတ် ပြသနိုင်ခြင်းဖြစ်ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်စတင်ထမ်းဆောင်ချိန်ကတည်းက နိုင်ငံအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များကို ကြိုတင်သတ်မှတ်ချက်မထားဘဲလွတ်လပ်စွာ ပြောဆိုဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့

အချိန်အထိ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့ခြောက်ဖွဲ့တို့ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၁၁၄ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများနှင့် ၂၁ ကြိမ်၊ ငြိမ်းချမ်းရေးလိုလားသည့် အခြားအဖွဲ့အစည်းများနှင့် ၁၀ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများအရ လာမည့်လွတ်တော်ကာလများတွင် အချို့ကိစ္စရပ်များကို လွတ်တော်၌ ဆွေးနွေးနိုင်ရေးအတွက် သဘောတူညီမှု ဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း၊ သဘောတူညီမှုများ ပိုမိုရရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင်လည်း နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ များစွာဆုံးရှုံးခဲ့ရသောကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း၊ ဒေသအလိုက် လက်နက်ကိုင် ပဋ္ဌိပက္ခများ ချုပ်ငြိမ်းမှသာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လက်နက်ကိုင်ပဋ္ဌိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အမြဲတမ်းကြိုဆို လမ်းဖွင့်ပေးထားသည်ကို ပြောကြားလိုကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေး လမ်းခင်းပေးခဲ့သကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲစေရန် ရွေးကောက်ခံအစိုးရများနှင့် လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေများနှင့်အညီ နိုင်ငံရေးပါတီပြန်လည် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီနှင့် ပါတီအသစ်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ ၁၈ ပါတီရှိခြင်းကြောင့် စုစုပေါင်း ၆၈ ပါတီရှိပြီဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း မရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီအနေဖြင့် မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၈ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီရှိကြောင်း၊ မိမိအနေဖြင့် ဒေသနှင့် တိုင်းရင်းသားများအကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန် လိုအပ်သည်ဟု ခံယူထားသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လည်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု စုစုပေါင်း ၁၀ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံချိန်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာ ကိစ္စရပ်များ၊ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့်အတွက် ဖြစ်ပေါ်လာတဲ့ လေလွင့်ဆုံးရှုံးသည့်မဲများ မဖြစ်စေရေး မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ် (Closed List–PR)ကို ကျင့်သုံးရေး ရွေးကောက်ပွဲစနစ်ဆိုင်ရာ ပေါင်းစပ်ကျင့်သုံးရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရုံးများ ဖွင့်လှစ်မှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်

မှုနှင့် ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာခွင့်ဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပြီး သဘောတူညီချက်များလည်း ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် သဘောတူညီချက်များကို ခိုင်ခိုင်မာမာနှင့် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ NLD ပါတီမှ မဲမသမာမှု ပြုလုပ်သူများအနေဖြင့် မဲစာရင်းများကို ဖောင်းပွအောင် ဖန်တီးပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ရွေးကောက်ခံ မဲဆန္ဒနယ် တစ်ခုတည်း၌သာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တရားမဲ့ အနိုင်ရရှိအောင် မဲမသမာမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရှိသည့် မြို့နယ်အားလုံးတွင် မဲမသမာမှုများအတွက် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (CEC) များ ဖြစ်သည်ကို တွေ့ရကြောင်း၊ CEC ဖြစ်သည့် သူများသည် NLD ပါတီကို ကိုယ်စားပြုသူများပင်ဖြစ်သောကြောင့် မဲမသမာမှုကို ပါတီလိုက်ကျူးလွန်ခဲ့သည်ဟု ယူဆနိုင်ကြောင်း။

နိုင်ငံတစ်ခု၏ ပြည်တွင်းရေးအခြေအနေကို အဆိုပါနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူများကသာ အသိဆုံးဖြစ်၊ မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်၊ မိမိအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးအခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအားများထက် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြည်တွင်းရေး အခြေအနေများအပေါ်တွင်သာ အဓိက ဦးတည်ပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ

မိမိအနေဖြင့်အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပေးနိုင်ရေး ဘက်ပေါင်းစုံကနေ စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံခြားခရီးစဉ်များ သွားရောက်ချိန်တွင်လည်း နိုင်ငံတကာမှ နိုင်ငံတော်အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်များတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်များတွင်လည်း ရွေးကောက်ပွဲ တစ်ရပ်ကျင်းပရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုကဲ့သို့ ရှင်းလင်းပြောကြားခဲ့သည့် အတွက် နိုင်ငံတကာအနေဖြင့် မိမိတို့ ဦးဆောင်ကျင်းပပေးမည့် ရွေးကောက်ပွဲအပေါ် အပြည့်အဝ အားပေးထောက်ခံမှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ့အားလုံးဆန္ဒမဲပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် ပန်းခင်းစီမံချက် ၁၊ ၂၊ ၃ ကို ချမှတ်ပြီး စုစုပေါင်း ၅၉၈၀၆၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန် ကျန်ရှိနေသူများကိုလည်း ရွေးကောက်ပွဲကာလမတိုင်မီ အပြီးရရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်မှုအခြေအနေ

အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ခိုင်လုံသည့် မဲစာရင်းများရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်

စာရင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူခဲ့ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အချို့ဒေသများကို ရက်တိုးမြှင့် ကောက်ယူခဲ့ရကြောင်း၊ သန်းခေါင်စာရင်းကောက်ယူ မှုသည် နိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်ပြီး နိုင်ငံအကျိုးအတွက် အရေးကြီးသည့် စီမံကိန်းများ ဖော်ဆောင်ရန် အသုံးပြု နိုင်ကြောင်း။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်းမှရရှိသည့် ရှေ့ပြေးလူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ညတွင် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၆ ဦး (၅၁ ဒသမ ၃ သန်းကျော်) ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရရှိသည့် စာရင်းအရ လူဦးရေ ၃၂၁၉၁၄၀၇ ဦး (၃၂ ဒသမ ၁၉ သန်း ကျော်)နှင့် စာရင်းမကောက်ယူနိုင်သည့် ဒေသများ အတွက် ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၉ ဦး (၁၉ ဒသမ ၁ သန်းကျော်) ပါဝင်ကြောင်း၊ ကောက်ယူရရှိသည့် စာရင်း အရ အမျိုးသား ၁၅၁၀၅၂၁၅ ဦး (၁၅ သန်းကျော်)နှင့် အမျိုးသမီး ၁၇၀၈၆၁၉၂ ဦး (၁၇ သန်းကျော်)ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရ ကြောင်း၊ ယခုရရှိလာသည့် လူဦးရေဆိုင်ရာ အချက်အလက် များကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ခိုင်လုံသည့် မဲစာရင်းများအဖြစ် စနစ်တကျ ပြုစုသွား မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေသည် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရှိ ရကြောင်း၊ လူဦးရေပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်း သုံးချက်ကြောင့် ဖြစ်နိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ အကျယ် အဝန်းနှင့် ယခုကောက်ယူရရှိသည့် လူဦးရေစာရင်းကို နှိုင်းယှဉ်ကြည့်ပါက လူဦးရေနည်းပါးသည်ဟု ယူဆရမည် ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိုက်သင့်သည့် လူဦးရေနှင့် နှစ်အလိုက်ထိုက်သင့်သည့် လူဦးရေ တိုးတက် မှုနှုန်း ရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကလေးမွေးဖွားနှုန်း မြင့်မားလာရန်နှင့် သေဆုံးနှုန်း ကျဆင်း စေရန် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးမြှင့် ထောက်ပံ့ ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်၏ စီးပွားရေး အခြေအနေများ၊ နိုင်ငံရေး အခြေအနေများ တည်ငြိမ်မှုနှင့် တိုးတက်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ် ပေါ်လာရန်အတွက် နိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒ များကို ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသ အလိုက် လုံခြုံရေးအခြေအနေအပေါ်မူတည်ပြီး ကျင်းပ ပြုလုပ်ပေးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက် ပွဲကျင်းပရာတွင်လည်း မဲစာရင်းများ မှန်ကန် ရန်၊ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့်၊ ပွင့်လင်း မြင်သာသည့် ရွေးကောက်ပွဲဖြစ်ရန်၊ နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာအကဲခတ်ရေးကိုယ်စားလှယ်အဖွဲ့ များကို ဖိတ်ခေါ်ပြီး လာရောက်ကြည့်ရှုလေ့လာနိုင်စေရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက် လာသည့် လွှတ်တော်အတွင်းတွင်လည်း တိုင်းရင်းသား များနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာ ပါဝင်လာရေးအတွက်လည်း အချိုးကျ ကိုယ်စားပြုစနစ်(PR)ကို တိုင်းရင်းသားများကို ကိုယ်စား ပြုနိုင်သည့် မဲဆန္ဒနေရာများ၊ အဖွဲ့အစည်းများတွင် ဖော် ဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသား တစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာ ထုတ်ဖော် ပြသခြင်းပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ နိုင်ငံတော် အစိုးရ၏ တာဝန်ဖြစ်ပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခံယူချက်အရသာဖြစ်ကြောင်း၊ ဆန္ဒမဲပေးချိန်တွင် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရား တိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများ ကင်းဝေးအောင်ဆောင်ရွက်ရမည်ဖြစ်

ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဥပဒေအရနှင့် လူထုသဘောထားအမြင်အရ ပြည့်စုံကောင်းမွန်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှ ကင်းဝေးစေရန်နှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲ ဖြစ်ရန် အလေးအနက်ထားကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် ပြည်သူ အများစု၏အမြင်ကိုထင်ဟပ်ပေါ်လွင်စေသည့်ရွေးကောက်ပွဲ ဖြစ်ရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျင်မြန်စွာ ရောက်ရှိရန်အတွက် ရပ်ရွာဒေသအလိုက် တည်ငြိမ်အေးချမ်း မှုရှိရန်လိုကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အောင်မြင်အောင် ပြည်သူလူထု နှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့ရသည့် ဖြစ်စဉ်များအရ နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှ

နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှ တစ်ခုကူးပြောင်းမှုကို ဆောင်ရွက်ရာတွင် အဆိုပါနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အချိန်အခါတို့အပေါ် မူတည်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စနစ်ကို ချဉ်းကပ်လျှောက်လှမ်းကြရမည် ဖြစ်သည်ကို လေ့လာတွေ့ရှိရ၊ ထိုသို့မဟုတ်ဘဲ နိုင်ငံတကာက သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း သို့မဟုတ် အင်အားကြီးနိုင်ငံများ၏ ဖိအားပေးစေခိုင်းမှုများအတိုင်း လိုက်ပါဆောင်ရွက်ခဲ့ပါက တည်ငြိမ်မှုကို ပိုမိုဆိုးရွားသွားစေနိုင်၊

တစ်ခုကူးပြောင်းမှုကို ဆောင်ရွက်ရာတွင် အဆိုပါနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အချိန်အခါတို့အပေါ်မူတည်ပြီး မိမိတို့ နိုင်ငံနှင့် ကိုက်ညီသည့်စနစ်ကို ချဉ်းကပ်လျှောက်လှမ်း ကြရမည်ဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထိုသို့ မဟုတ်ဘဲ နိုင်ငံတကာက သတ်မှတ်ထားသည့် စံနှုန်းများ အတိုင်း သို့မဟုတ် အင်အားကြီးနိုင်ငံများ၏ ဖိအားပေး စေခိုင်းမှုများအတိုင်း လိုက်ပါဆောင်ရွက်ခဲ့ပါက တည်ငြိမ် မှုကို ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း၊ ဥပမာအနေဖြင့် အချို့သောနိုင်ငံများသည် ၎င်းတို့နိုင်ငံနှင့် မကိုက်ညီသည့် စနစ်ကို အတင်းသွတ်သွင်းမှုများ၊ အထွေထွေရွေးကောက် ပွဲကို ဖိအားများကြောင့် အဆောတလျင် ကျင်းပခဲ့မှုများ ကြောင့် ယနေ့အချိန်အထိ နိုင်ငံရေးတည်ငြိမ်မှု မရသေးဘဲ အကျပ်အတည်းမျိုးစုံကြားတွင် ရုန်းကန်နေကြရသည်ကို တွေ့ရကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးအခြေအနေကို အဆိုပါနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူများကသာ အသိဆုံးဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် နိုင်ငံရေး ပြောင်းလဲမှုဖြစ်ခဲ့ပြီး မိမိအနေဖြင့်ပြည်သူများ လိုလားချက် အတိုင်း နိုင်ငံတော်ကိုဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည် ရောက်ရှိစေရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်း အဆင့်ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံ့ အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ် ကြောင်း၊ မိမိအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက် နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး အခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအား များထက် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြည်တွင်းရေး အခြေအနေများအပေါ်တွင်သာ အဓိကဦးတည်ပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီ လမ်းကြောင်း ပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေး နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးနည်းလမ်းနှင့်ဖြေရှင်းရန် မကြိုးစား

သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကိုသာ ရွေးချယ်ခဲ့ခြင်းကြောင့် ယနေ့နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပေါ်နေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက်အာဏာရရှိရေးကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ လုံခြုံရေးကဏ္ဍကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့အားလုံး ရည်မှန်းထားသည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် စိန်ခေါ်မှုများစွာ ရှိနေသေးသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် လွတ်လပ်ပြီး တရားမျှတမှုအပြည့်ဖြင့် ကျင်းပနိုင်မည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်ရန် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အထက်ပါ လုပ်ဆောင်ရန်လိုအပ်ချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကိုထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင်ရန် တင်ပြအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာပြည်သူ့လွတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်က လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဘက်ဘက်မှ အသင့်ဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိသည်ကို သိရှိရပြီး မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ မဲစာရင်း ပြည့်စုံမှန်ကန်ရေးအပြင် မဲဆန္ဒရှင်များ ပြုစုရာတွင် မဲရုံအလိုက်ပြုစုပြီး မဲရုံအလိုက် မဲပေးနိုင်ရေး အသေးစိတ်ပြုစုရကြောင်း၊ မဲဆန္ဒရှင်များ အစီအစဉ်တကျ မဲပေးနိုင်ရေးအတွက်ကိုလည်း စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် များပြားလှသည်ဖြစ်သည့်အတွက် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ သက်တမ်း ၆ လ တိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်၍ လုံခြုံရေးသည် အဓိကကျသည့်အချက်ဖြစ်ပြီး ပြီးခဲ့သည့် ၆ လတာ ကာလအတွင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌သာမက မြို့ပေါ်များ၌လည်း တည်ငြိမ်အေးချမ်းရန် လိုအပ်မည်ဖြစ်သဖြင့် ပြည်သူ့လုံခြုံရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားရန် အချိန်လိုအပ်မည်ဖြစ်သဖြင့် သက်တမ်း ၆ လ ထပ်မံတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက လက်ရှိအချိန်တွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ဆဲကာလဖြစ်ကြောင်း၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲ

ကျင်းပနိုင်ရေး ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းစဉ်များ ကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးပေါ်ကာလအား သက်တမ်းတိုးမြှင့်ခြင်းကို သဘောတူထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ၂၀၂၄ ခုနှစ် သြဂုတ်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဧနဝါရီလ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရဟန်း၊ သံဃာများ၊ ကျောင်းသား၊ ကျောင်းသူများ သေဆုံးဒဏ်ရာရရှိမှု၊ လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိမှုများ၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်မှုများအား ရှင်းလင်းတင်ပြပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေကြေညာထားသည့် ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးနှင့် သံတမန်ဆက်ဆံမှုများရှိပြီး စစ်ဘက်၊ အရပ်ဘက်ဆက်ဆံမှုများ ကောင်းမွန်ခိုင်မာမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် နိုင်ငံတကာဆက်ဆံရေးနှင့် စစ်ဘက်၊ အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာ့အရေးကို မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်အစီအစဉ်(Myanmar Way)ဖြင့် ဆောင်ရွက်ရမည်ကို နိုင်ငံတကာမှ အသိမှတ်ပြုလက်ခံလာသည်ကို တွေ့ရှိရမှု၊ မိမိတို့ နိုင်ငံနှင့် ထိတွေ့ဆက်ဆံလျက်ရှိသည့် နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အပြုသဘောအမြင်ဖြင့် ထောက်ခံမှုရှိလာသည်ကို သိရှိရမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး အချိန်ကာလလိုအပ်မည်ဖြစ်သည့်အတွက် အရေးပေါ်ကာလအား သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ဆက်လက်၍နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုများ စသည့်ကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ များစွာရရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ယခုကဲ့သို့ ရရှိပြီးသည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နောက်ဆုံးလုပ်ငန်းစဉ်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်)၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းများတွင် လုပ်ငန်းအခြေအနေများအရ၊ နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလထပ်မံသက်တမ်းတိုးရန်အတွက် တစ်ညီတစ်ညွှတ်တည်း ထောက်ခံဆွေးနွေးသဘောတူညီသောကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ "နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၂-၂၀၂၅ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"ကို ကြေညာအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပေးပို့ခဲ့သည့် သဝဏ်လွှာများ

၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၄ - ၁ - ၂၀၂၅)

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

ယနေ့ ဇန်နဝါရီလ (၄) ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်မင်္ဂလာအခါသမယ၌ တိုင်းရင်းသားပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပိုင်နက်နယ်မြေ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြင့်နန်းဖြင့် လွတ်လပ်သည့် နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်ခဲ့ပါသည်။ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းတို့ကို တင့်တယ်စွာ ပိုင်ဆိုင်ခဲ့ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် တစ်အူထုံ့ဆင်း သွေးသားရင်းပမာ ချစ်ကြည်လေးစားကြလျက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ အေးအတူပူအမျှ၊ ဥမက္ခ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြပါသည်။

ဤသို့ နေထိုင်ခဲ့ကြရာမှ ကိုလိုနီနယ်ချဲ့သမားများက သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် မတရားကျူးကျော်စစ် ၃ ကြိမ်တိုင်တိုင် ဆင်နွှဲခဲ့ပြီးနောက် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကိုလိုနီနယ်ချဲ့သမားများနှင့် ဖက်ဆစ်တို့ကို အမျိုးသားရေး ဇာတိမာန်အရင်းခံသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ တွန်းလှန်တိုက်ထုတ်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရရှိကာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည် ရပ်တည်နိုင်ခဲ့သည်မှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခဲ့ပါသော်လည်း နယ်ချဲ့သမားတို့ သွေးခွဲချန်ထားရစ်ခဲ့သော မီးကြွင်းများ တည်ဦးညီးတောက်လောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋ္ဌိပက္ခများအဆုံးသတ်နိုင်ရန်၊ နိုင်ငံရေး ပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေး နည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်းကို အကြိမ်ပေါင်းများစွာထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖြစ်သော တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် ဖိတ်ခေါ်မှုများကိုအကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAO) အချို့သည် NCA ပါ ကတိကဝတ်များကို လိုက်နာမှုမရှိဘဲ ချိုးဖောက်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ပဋ္ဌိပက္ခများ

နှင့်လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင် မတူညီမှုများကို အခြေခံသက့ဲသို့ တသီးတခြား ရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ခဲ့ခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသ အသီးသီးတွင် လက်နက်ကိုင် သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် အမျိုးမျိုးသောပုံပိုးမှုများ ပါဝင်ပတ်သက်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ကြပါသည်။

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့များ အနေဖြင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပါသည်။ လက်နက်ကိုင် အကြမ်းဖက်တောင်းဆိုမှုများ အပေါ် လိုက်လျောဖြေရှင်းပေးသွားမည် မဟုတ်ကြောင်းကိုလည်း အတိအလင်းကြေညာထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားကြရန်" တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား

မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါသွေးနီး၍ အရေးကြုံတော့သွေးဆုံကာ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်းဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သက့ဲသို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသောကြောင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုအားဖြင့်သာ ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ "နွားကွဲလျှင် ကျားဆွဲ" ဟူသော စကားပုံရှိပါသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရား ကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်ကို အားအင်ချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးစေနိုင်ပါသည်။ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့နေစေရေးအတွက်ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ယုံကြည်စွာ ဝန်းရံပေးကြရန် လိုအပ်ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါ တာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြပါရန်" အလေးအနက်တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရန်ဖြစ်ပါသည်။ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မှ ၁၅ ရက်အထိ ဆောင်ရွက်ခဲ့ပြီး တိကျမှန်ကန်သည့် အတည်ပြုလူဦးရေစာရင်းကို ဆက်လက်ပြုစု၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းပြုစုနိုင်ရေး ပေးပို့သွားရန် ဆောင်ရွက်လျက်ရှိပါသည်။ စည်းစနစ်ကျနသည့်၊ တရားမျှတပြီး သိက္ခာရှိသည့်အထွေထွေ

ရွေးကောက်ပွဲဖြစ်စေရေးနှင့် ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါသည်။

"စစ်မှန်စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး"အတွက် ပြည်သူ့တစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အခက်အခဲ အကျပ်အတည်းများ ကြုံတွေ့ရပါက ရပ်တန့်နေ၍မရဘဲ ရှေ့သို့ ဆက်လက်လှမ်းချီနေရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟုခံယူကာ ပြည်သူများ စားဝတ်နေရေးပြေလည်မှုမှတစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသော ကုန်ထုတ်စွမ်းအားကိုဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်စေနိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ လူမှုဘဝများဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းပြည်တစ်ပြည် တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာ ပြည့်စုံသော လူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက် ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေးခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေး စွမ်းပကားဟူသော အား သုံးအားကို ကြိုးစားတည်ဆောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် ဆောင်ရွက်ကြပါရန်" တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏အကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရိုသေလေးစားလျက် နိုင်ငံရေးဦးတည်ချက် (၄) ရပ်ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိပါသည်။

ရှေ့သို့လှမ်းချီရာတွင် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးမောင်းနှင်အားပင်ဖြစ်ပါသည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုသည် နိုင်ငံတော် ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar) ဟူသော စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည် ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည် ဖော်လျက်ရှိပါသည်။

တိုင်းပြည်သာယာဝပြောရေးသည် တည်ငြိမ်အေးချမ်း ရေးနှင့် တိုက်ရိုက်ဆက်စပ်နေသော အရေးကိစ္စဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းရေးသည်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ပတ်သက်နေသော ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဝါသီးနှံ အထွက်တိုးရေးတို့ကို ဆောင်ရွက် လျက်ရှိပါသည်။ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေး အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုး မွေးမြူရေးစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော် လျက်ရှိပါသည်။

နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝတ်စုံစရိတ်နှင့် အိမ်ငှားစရိတ်များ၊ အပိုထောက်ပံ့ကြေး ငွေများ ခံစားခွင့်ပြုခဲ့သည့်အပြင် နေထိုင်မှုအဆင်ပြေ စေရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ် ပေးလျက်ရှိပါသည်။ ဆရာ၊ ဆရာမများအား ပညာအရည် အချင်းအလိုက် ချီးမြှင့်ငွေများ လစဉ်ပေးအပ်သကဲ့သို့ ကျောင်းသား၊ကျောင်းသူများ၏ပညာသင်ထောက်ပံ့ကြေး များကို တိုးမြှင့်ပံ့ပိုးပေးလျက်ရှိပါသည်။

အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်စေရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပ ပေးလျက်ရှိသကဲ့သို့ နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါ သည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးအတွက် "ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဟူသော မူဝါဒကို ချမှတ်အကောင်အထည်ဖော်လျက်ရှိ သကဲ့သို့ အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အောင်မြင်စွာကျင်းပခဲ့ကာ ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ပျိုးထောင်ပေးလျက်ရှိပါသည်။

သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီနှင့်အတူ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း "နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊အမျိုးသားရေးစရိုက်လက္ခဏာနှင့်အမျိုးသား စိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့်ကြိုးပမ်းဖော်ဆောင်" ကြစေလိုပါကြောင်း အလေးပေးကာ နှိုးဆော်အပ် ပါသည်။

၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက သွေးစည်း ညီညွတ်စွာဖြင့် အလေးအနက်ထား၍ အကောင်အထည် ဖော်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

(၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၁၀ - ၁ - ၂၀၂၅)

ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက်ကချင်ပြည်နယ်နေ့၏ထူးမြတ်သည့်အခါသမယတွင် ကချင်ပြည်နယ်အတွင်း မိုတင်းနေထိုင်ကြသည့် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းလုံးတွင် ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံကြပါစေကြောင်း ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် စည်းလုံးညီညွတ်စွာ အတူတကွအေးအတူပူအမျှ နေထိုင်လာခဲ့သော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုများအလိုက် စုစည်းနေထိုင်ရင်း ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံဟူ၍ ထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဧနှစ်ဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးညီလာခံ၊ ပထမဆုံး အစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဧနှစ်ဝါရီလ ၁၀ ရက်နေ့ကို "ကချင်ပြည်နယ်နေ့" အဖြစ်သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၇) နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်သည် တန်ဖိုးမဖြတ်နိုင်သော သဘာဝ အရင်းအမြစ်များထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်သည့် အပြင် အဖိုးတန်ရတနာများ ပေါကြွယ်ဝစွာထွက်ရှိခြင်း၊ တောတောင်ရေမြေ သဘာဝကောင်းများကြောင့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းများရှိခြင်းနှင့် မြန်မာနိုင်ငံ၏ အလှပဆုံးသော ဧရာဝတီမြစ်ကြီးစတင် စီးဆင်းရာနေရာဖြစ်ခြင်းတို့ကလည်း ပြည်နယ်၏ ထူးခြားသော အလှတရားကို ဖော်ပြလျက်ရှိပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏ လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာလှပမှုတို့ကလည်း ပြည်နယ်၏ ထင်ရှားသော သဘာဝအလှအပများပင် ဖြစ်ပါသည်။

ထိုကဲ့သို့သော ထူးခြားလှပသည့် သဘာဝအလှအပများနှင့်အတူ ပြည်နယ်အတွင်း ဂျိန်းဖော့၊ လာချိ၁်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေစသည့် ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် လူဦးရေ ၁၅ သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကချင်ရိုးရာမနောပွဲတော်ကြီးသည်လည်း ခွဲခြားမရနိုင်သော အမှတ်သင်္ကေတတစ်ခု ဖြစ်ပါသည်။ မနောပွဲတော်တွင် ကချင်တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကို တည်ငြိမ်လှပ ကျက်သရေရှိလှသော တိုင်းရင်းသားဝတ်စုံများဖြင့် စုပေါင်းညီညာစွာ ကပြသည့် မနောအကသည် ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူလူထုများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကာ ပြည်နယ်အေးချမ်းသာယာမှုကို ခိုင်မြဲအောင် တည်ဆောက်ထားနိုင်သော ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့်

ရေခံ၊ မြေခံနှင့် သဘာဝအရင်းအမြစ်များကို လက်တွေ့အသုံးချ၍ ပြည်နယ်၏ စီးပွားရေးကဏ္ဍ မြင့်တက်လာနိုင်စေရေး ဖော်ဆောင်နိုင်မည့် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိနေပါသည်။ ဒေသထွက် ကုန်ကြမ်းများမှ တစ်ဆင့် ကုန်ချောအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောကာလဖြစ်ပါသည်။ ထို့အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့အတွက် ဒို့တာဝန် အရေးသုံးပါးနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက်ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသောကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် အခြားသော ကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှုန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များ ချမှတ်ဆောင်ရွက်ရန်နှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ အောင်မြင်စေရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် နည်းပညာပိုင်းဆိုင်ရာများကိုဟန်ချက်ညီညီ ပြည့်စုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပဓာနကျသော နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူနိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ လျော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည်နိုင်ငံတော်အတွက် အသက်တမျှအရေးပါသောအချိန်ကာလဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံအကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြ

ရန်လည်း တိုက်တွန်းလိုပါသည်။

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား

ယနေ့ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများစွာကြုံတွေ့နေကြရပါသည်။ ထိုကဲ့သို့သော ပြည်တွင်းပြည်ပ ပယောဂများကြောင့် ဆင်ခြင်တွေးတောမှုကင်းမဲ့ကာ နိုင်ငံနှင့်လူမျိုးအကျိုးကို ဖျက်ဆီးနေကြသည့် လုပ်ရပ်များကို ရပ်တန့်စေပြီး မိမိတို့တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ဗလငါးတန်ပြည့်ဝသည့် လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီးကို လက်တွဲညီညီ စည်းလုံးညီညွတ်စွာ တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကျောင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးသားရေးစိတ်ဓာတ်မြင့်မားသည့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်တည်ဆောက်ရာတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်း တည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းရင်း (၇၇) နှစ်မြောက် ကျောင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုမ္မေ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■

(၇၃) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၁၅ - ၁ - ၂၀၂၅)

ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-

ယနေ့ ၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၁၅ ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မဂ်လာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား မိဘပြည်သူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဧန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကယားပြည်နယ်အဖြစ် တရားဝင် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ရက်ကို "ကယားပြည်နယ်နေ့"အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် တောတောင်ရေမြေသဘာဝ အလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားပွင့်လင်းမှု တို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်နယ်အကျိုးကိုပိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ရရှိပြီး အခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန် ဖြစ်ပါသည်။

မိမိတို့ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာ ကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် နိုင်ငံ၏ ဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာယှဉ်တွဲ၍ နေထိုင်ခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ပါသည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်ကစ၍ မတရားကျူးကျော်စစ်သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကို သွတ်သွင်းခဲ့ပါသည်။

ထို့နောက် နယ်ချဲ့တို့သည် တောင်ပေါ်မြေပြန့်တစ်ခုချင်းစီကို ဥပဒေများ ခွဲခြားပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ပြည်မကို အုပ်ချုပ်ရာတွင်လည်း ကွဲပြားခြားနားမှု များပြားအောင် လုပ်ဆောင်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်၊ ဧန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေး ရရှိပြီးစ၌ နိုင်ငံရေးပါတီများ၏ အာဏာလွန်ဆွဲမှု ပြင်းထန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာမှစ၍ လွတ်လပ်ရေး၏ အနှစ်သာရကို မခံစားရဘဲ နိုင်ငံအဝန်း

တိုက်ပွဲများဖြင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့ပါသည်။ အလားတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သည်မှာ ယနေ့ကာလအထိ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆)နှစ် ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခ မည်သည့် အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ် ကြည့်ရန်လိုပါသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကို သိမြင်ပြီး အနာဂတ်အတွက် အကျိုး ဖြစ်ထွန်းမည်ဖြစ်ပါသည်။ နိုင်ငံရေး အယူအဆကွဲလွဲမှု များကို နိုင်ငံရေးနည်းနှင့် မဖြေရှင်းဘဲ လက်နက်စွဲကိုင် ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေ ခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်းကို သတိပြု သင့်ကြပါသည်။

လက်ရှိနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှု များနှင့် ဆူပူအကြမ်းဖက်မှုများမှာ ဒီမိုကရေစီရေးကို ဆောင်ရွက်နေသည်ဟုဆိုသူများက မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားသဖြင့် ရယူရန်ဆောင်ရွက် ခဲ့ပြီး ဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျ ဖြေရှင်း ခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသောကြောင့်သာဖြစ်ပါသည်။ ဒီမိုကရေစီ စနစ်ကို ကျင့်သုံးကာကွယ်နေပါသည်ဟုဆိုသော ပြည်ပ နိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက် ဖြစ်သည့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက် ပြုလုပ်နေကြပါသည်။ ၎င်းတို့မှာ မိမိတို့နိုင်ငံအား သူတို့ အလိုကျ ခြယ်လှယ်ချုပ်ကိုင်နိုင်ရန်နှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေပြီး ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေခြင်း ပင်ဖြစ်သည်ကို သတိပြုမိကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်ပါ သည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီး တရား မျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကို ထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ပြုလုပ်ပေးသွား မည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလိုပါသည်။ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုး ကိုသာ အစဉ်ရှေးရှု ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေ ရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူ များနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက် အဖွဲ့အစည်း များအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့် အချက်မှာ မိမိတို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ် ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ ယခုလတ်တလော အခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြု လုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ် ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါး ထဲသို့ ဆွဲချနေသည့် မဟုတ်မမှန် လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်း များ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ် များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်း မချမ်း ဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကယားပြည်နယ်တွင် မကြာမီကာလက KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့ အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရပါသည်။ ပြည်နယ် အတွင်းနေထိုင်သည့် လက်နက်ကိုင် အကြမ်းဖက်

သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်ပါသည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာ ကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင်ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းများက လုပ်ဆောင်ခြင်းသည် အမျိုးသားရေး စိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့် အတွေးအခေါ် အယူအဆများဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားကို သစ္စာဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုပါသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများရှိ နေအိမ်များ၌ ဝင်ရောက်နေထိုင်ပြီး ဒေသခံ ပြည်သူလူထုကို အကာအကွယ်ယူ၍ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်၍ ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့်ရှောင်ရှားမည်ဆိုပါကသောင်းကျန်းသူ အမြစ်ပြတ် ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်သူများအားလုံး အသိညာဏ်ပညာ ပြည့်ဝရေးနှင့် အတွေးအခေါ် မှန်ကန်ရေးပင်ဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပြည်သူများကပင် အသိပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာ ဗဟုသုတပြည့်ဝကြစေရန်နှင့် ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းသား မိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။ မဖွင့်နိုင်သေးသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ပြီး ကျောင်းမတက်နိုင်ကြသည့် ကျောင်းသားများ ကျောင်းသို့ ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေ အရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန်လိုပါသည်။ သို့မှသာ လူငယ်များ ဗလငါးတန်ပြည့်ဝပြီး ဒေသ အကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ–

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့် အင်အားသည် အဓိကဖြစ်ပါသည်။ နိုင်ငံ၏ အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းအားပင် ဖြစ်ပါသည်။

ပြည်ထောင်စုကြီး အခွန်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တို့ဖြင့် နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါ။ နိုင်ငံ၏ အနာဂတ်လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။ ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆ မှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် ကယားပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■

(၇၇)ကြိမ်မြောက် တိပိဋကခရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကခရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌာဘိဝံသ ရဆရာတော်ထံသို့ ပေးပို့ဆက်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

(၂၅ - ၁ - ၂၀၂၅)

ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-

ယခုနှစ် တိပိဋကခရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာ ပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကခရတိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကခရဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကခရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများအပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်း စောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၇)ကြိမ်မြောက် ကျင်းပသောစာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း)ဖြစ်သော ယမကနှင့်ပဋ္ဌာန ဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ် သဘောအဓိပ္ပာယ်များကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကခရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်(၃)လက် အမှတ်တံဆိပ်ပါ သာသနာ့ အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာဝီတိ ဂွမ်းဆီထိသက့ဲသို့ ခံစားရပါသည်ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ၇ မိုင် စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရကိုဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ဆရာတော်သည်ရောက်ရှိတော်မူခဲ့ကြောင်း၊ ဂဏာဝါစကသာမဏေကျော်၊ ပရိယတ္တိသာသနာ လက်ဦးရသာမဏေကျော်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတ သာမဏေကျော်၊ မဂ်လာဗျူဟာသာမဏေကျော်၊ ပရိယတ္တိသာသနဟိတ သာမဏေကျော်များ၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံးဒုတိယ)၊ သာသနဓဇ ဓမ္မာစရိယ၊ နိကာယုဇ္ဇောတက ဝိနယဓရဓမ္မာစရိယ၊ နိကာယုဇ္ဇောတက အတ္တဝိသာရဒ ဒီဃဘာဏက၊ နိကာယ ဝုပိုသမိတိ ဝိနယကောဝိဒ၊ နိကာယဝုပိုသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိသာသနဟိတဝိနယဓရ၊ ပရိယတ္တိသာသနဟိတ ဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ဌဝံသဒီဃာဂမ၊ မဟာဂန္ဌဝံသ မူလအဘိဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ-၁/၂၊ ဝိနယဓရ၊ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအာဘိဓမ္မကောဝိဒစသည့် ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီးဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၉ ခုနှစ်တွင် ကျင်းပသော အကြိမ်(၇၀)မြောက် တိပိဋကခရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် သင်ရိုး ပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲ

နက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိကဘွဲ့တံဆိပ်တော်နှင့် တိပိဋကရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကရေ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိ သာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကရေ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇)ပါးမြောက် တိပိဋကရေ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရန် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ဟာသိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်ရည်ရွယ်ချက်ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖိုင်ဘာဝေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဆေဇင် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးခိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျပြီး မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလရိုင်ဖာ ပြဿနာများနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-999986-656284-9